# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


> **နိဗ္ဗာန်ကမ်းတစ်ဖက်သို့**
>
> ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သောသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို(ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။
>
> ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက် | ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၉ ရက်၊ စနေနေ့ | အတွဲ (၆၁)၊ အမှတ် (၂၇၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၈**

၂၀၂၂ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အနော်ရထာခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းတို့ကို ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသအမှူးပြုသော ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများ အပါအဝင် ပင့်ဖိတ်ထားသည့် ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး

*စာမျက်နှာ ၃ ကော်လံ ၁ ◆*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဗန်းမော်ဆရာတော်ဘုရားကြီးထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

**ယနေ့**
**ဖတ်စရာ**

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသားကျောင်းသူများ ထိုင်းနိုင်ငံမှ စင်ကာပူနိုင်ငံသို့ လေ့လာရေးခရီး ဆက်လက်သွားရောက်

ပြည်တွင်းသတင်း စာ - ၆

မြန်မာ့အမွေ၊ ကမ္ဘာ့အမွေ ထိန်းသိမ်းရမယ့် အင်းလေးကန်ဇီဝအဝန်းနယ်မြေ

ဆောင်းပါး စာ - ၁၀




မြန်မာ့အလင်း

# မိတ်ဆွေကောင်း မိတ်ဆွေဟောင်း ဆုံးရှုံးရသည့် အကြမ်းဖက်မှု

ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး လုပ်ကြံသတ်ဖြတ်ခံရသည့် တုန်လှုပ်ချောက်ချားဖွယ်မြင်ကွင်းမှာ အကြမ်းဖက်ဝါဒ၏ ရက်စက်ကြမ်းကြုတ်မှုကို ထင်ရှားစွာပြသနေသည့် သာဓကတစ်ခုပင်ဖြစ်သည်။ ရည်ရွယ်ချက် ခိုင်ခိုင်မာမာမရှိဘဲ မုန်းတီးမှုသက်သက်မျှဖြင့် လက်ဖြစ်လူသတ်လက်နက်ကို ဖန်တီးကာ နိုင်ငံတွင် ထင်ရှားကျော်ကြားသူတစ်ဦးကို လူပုံအလယ်တွင် သတ်ဖြတ်ခဲ့ခြင်းက အိန္ဒိယမှ မဟတ္တမဂန္ဓီ၊ အမေရိကန်မှ ဂျွန်အက်ဖ်ကနေဒီတို့ လုပ်ကြံခံရသည့် သမိုင်းဝင်ဖြစ်စဉ်များနှယ်ပင်ဖြစ်သည်။

အကြမ်းဖက်ဝါဒနှင့် အကြမ်းဖက်လုပ်ရပ်များကြောင့် ကမ္ဘာပေါ်တွင် လူပေါင်းသိန်းနှင့်ချီ၍ အသက်ဆုံးရှုံးခဲ့ရပြီဖြစ်သည့်တိုင်အောင် အကြမ်းဖက်မှုဆိုသည်ကို တိကျသည့်အဓိပ္ပာယ်ဖွင့်ဆိုချက်မရှိသေးဟု ဆိုသည်။ အမေရိကန်ကဲ့သို့သော သက်တမ်းရင့် ဒီမိုကရေစီနိုင်ငံကြီးသည်ပင်လျှင် လူမျိုးရေးမုန်းတီးမှုများ၊ အစွန်းရောက်သဘောထားများနှင့် တစ်ယူသန်အစွဲများကို အခြေပြုသည့် ပြည်တွင်းအကြမ်းဖက်ဝါဒီများ၏ အန္တရာယ်ကို ဖြေရှင်းနိုင်ရန် ကြိုးပမ်းနေရသည်။ စစ်သွေးကြွလူဖြူကြီးစိုးရေးဝါဒကြောင့် လူဖြူမဟုတ်သည့် လူမည်း၊ လူဝါ၊ လူညိုတို့မှာ ခွဲခြားဆက်ဆံခံရမှုအပြင် လက်နက်ဖြင့် အကြမ်းဖက်ပစ်ခတ်မှုများကိုပါ ကြောင့်ကြလာကြရသည်။ အမေရိကန်အစိုးရအနေဖြင့် လက်နက်ထိန်းချုပ်ရေးနှင့် လူမျိုးရေးမုန်းတီးမှုကဲ့သို့သော အခြေခံအကြောင်းရင်းများကို ရှင်းလင်းနိုင်ရန် အချိန်ယူဆောင်ရွက်ရဖွယ်ရှိသည်။

စင်စစ်အကြမ်းဖက်မှုသည် ကမ္ဘာ့နိုင်ငံများစွာတို့တွင် ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပေါ်နေစေကာမူ လက်နက်မဲ့အရပ်သားများကို ပစ်မှတ်ထားမှု၊ ညှာတာထောက်ထားခြင်းကင်းမဲ့မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြောက်တရားဖြင့် ထိန်းချုပ်လိုမှု၊ အစွန်းရောက်သဘောတရားများ ကိုင်စွဲထားမှု၊ မုန်းတီးမှု စသည့် သရုပ်သကန်များမှာမူ အတူတူပင်ဖြစ်သည်။ မိမိတို့နိုင်ငံတွင် လွန်ခဲ့သည့် ၇၅ နှစ်က ဖြစ်ပွားခဲ့သည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ခေါင်းဆောင်များ ကျဆုံးခဲ့ရသည့် နိုင်ငံတော်လုပ်ကြံမှုတွင်လည်း ဆိုခဲ့ပါ အကြမ်းဖက်ဝါဒ၏ သရုပ်သကန်များ ထင်ထင်ရှားရှား ပါရှိနေကြောင်း ပြန်လည်လေ့လာကြည့်ပါက တွေ့ရှိနိုင်သည်။ စင်စစ် အကြမ်းဖက်လုပ်ရပ်များဖြင့် အစိုးရကိုအကျပ်ကိုင်ရေး၊ နိုင်ငံရေးရည်မှန်းချက်များ အောင်မြင်ရေးအပါအဝင် အကြမ်းဖက်ဝါဒီတို့၏ လိုလားချက်များ ရရှိသည်ဟူ၍မရှိဘဲ ရေရှည်တွင် ပြည်တွင်းပြည်ပမှ ထောက်ခံမှုများ မရရှိတော့သည့် အခြေအနေဆီသို့ ရောက်ရှိသွားခဲ့ကြသည်သာ ဖြစ်သည်။

ဂျပန်နိုင်ငံ နာရာမြို့တွင် ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး အကြမ်းဖက်လုပ်ကြံသတ်ဖြတ်ခံရခြင်းသည် ဂျပန်နိုင်ငံနှင့် ဂျပန်ပြည်သူများအဖို့ ကြီးမြင့်လှစွာသော နိုင်ငံ့သားကောင်းတစ်ဦး ဆုံးရှုံးသွားရခြင်းဖြစ်သကဲ့သို့ မြန်မာနိုင်ငံအတွက်လည်း မိတ်ဆွေကောင်း၊ မိတ်ဟောင်းဆွေဟောင်းတစ်ဦး ဆုံးရှုံးသွားရသည့် ဝမ်းနည်းဖွယ်ရာဖြစ်ရပ်ပင်ဖြစ်သည်။ အကြမ်းဖက်ဝါဒ ကမ္ဘာမြေပေါ်မှ အလျင်အမြန် ပျောက်ကွယ်ကျဆုံးပါစေသတည်း။ ။

## အာဇာနည်ဗိမာန်အတွင်း ပြင်ဆင်ဆောင်ရွက်နေမှု ဒုတိယမြို့တော်ဝန် ဦးညီညီ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေနှင့် ကော်မတီဝင်များသည် ယနေ့နံနက် ၇ နာရီက ဗဟန်းမြို့နယ် အနောက် ရွှေဂုံတိုင်လမ်းနှင့် အာဇာနည် လမ်းထောင့်ရှိ အာဇာနည်ဗိမာန်သို့ သွားရောက်၍(၇၅) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားအတွက် အကြိုပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး **(အပေါ်ယာပုံ)** လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။



ထိုမှတစ်ဆင့် ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် အာဇာနည်ဗိမာန်တွင် အများပြည်သူလူထု ဝင်ရောက်ဂါရဝပြုမည့် လမ်းတစ်လျှောက်ပြင်ဆင်ထားမှုနှင့် အများသုံးသန့်စင်ခန်း ပြုပြင်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်း ဝဲ/ယာ သန့်ရှင်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် လမ်းပေါက်များ ဖာထေးပြုပြင်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်နှင့် အဖွဲ့သည် အာဇာနည်ဗိမာန် ကွပ်ကဲရေးရုံးသို့ သွားရောက်၍ ကွပ်ကဲရေးရုံး အတွင်း အပြင် သန့်ရှင်းသပ်ရပ်ရေး ဆောင်ရွက်ထားမှု၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုများနားနေရန် ပြင်ဆင်ထားမှုနှင့် သန့်စင်ခန်းအသစ် တည်ဆောက်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး အဝင်လမ်းရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် အမှိုက်များ ဆယ်ယူရှင်းလင်းရန်၊ မြေယာရှုခင်းများ ပြုပြင်ရန်၊ သစ်ပင်ကြီးများ အလင်းဖွင့်၍ အောက်တက်များ ရှင်းလင်းရန်နှင့် သွေးဆေးကန်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သွေးဆေးကန် ရေလျှံပေါက် မြေအောက်ရေမြောင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဒေါက်တာ ယောဟန်ထွန်း | ပါမောက္ခချုပ်<br>ကလေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) ပါမောက္ခ ဒေါက်တာဌေးဌေးတင် | ပါမောက္ခချုပ်<br>ဆေးဘက်ဆိုင်ရာ<br>နည်းပညာတက္ကသိုလ်(ရန်ကုန်)<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (၃) ဦးထွန်းမြင့်ဦး | ညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့် ကာယပညာဦးစီးဌာန<br>အားကစားနှင့်လူငယ်ရေးရာ<br>ဝန်ကြီးဌာန |

## ၁၃၈၄ (၂၀၂၂)ခုနှစ်၊ အစိုးရနိကာယ်စာမေးပွဲ အောင်စာရင်း ထုတ်ပြန်မည့်နေ့ရက် ကြေညာခြင်း

နေပြည်တော် ဇူလိုင် ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကျင်းပပြီးစီးခဲ့သော ၁၃၈၄ (၂၀၂၂) ခုနှစ် အစိုးရနိကာယ်စာမေးပွဲ အောင်စာရင်းကို ၁၃၈၄ ခုနှစ် ဝါဆိုလဆန်း ၁၄ ရက်၊ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၁၁ ရက်(တနင်္လာနေ့) နံနက် ၆ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ website www.mahana.org.mm၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန website www.mora.gov.mm၊ သာသနာရေးဦးစီးဌာန website www.dra.gov.mm တို့မှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

## (၇၅ )နှစ်မြောက် အာဇာနည်နေ့အကြို စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲ ဟိုပုံးမြို့၌ကျင်းပ



ဟိုပုံး ဇူလိုင် ၈

(၇၅) နှစ်မြောက် အာဇာနည်နေ့အကြို မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲကို ဇူလိုင် ၈ ရက်က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးသည်။ **(ဓာတ်ပုံ)**

အဆိုပါပြိုင်ပွဲကို ဟိုပုံးမြို့နယ်အတွင်းရှိ အ.ထ.က (၁)၊ အ.ထ.က (၂)၊ အ.ထ.က(ကျောက်တန်း)၊ အ.ထ.က (စမ်းစုတ်)၊ အ.ထ.က (ကျောက္ကချား)၊ အ.ထ.က (နမ့်ခုတ်)နှင့် အ.ထ.က(ခွဲ) ဆိုက်ခေါင် တို့မှ ကျောင်းသား ကျောင်းသူတို့က စာစီစာကုံးပြိုင်ပွဲတွင် "အာဇာနည်နေ့ တို့မမေ့" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာပြိုင်ပွဲတွင် "ကိုးဦးဇာနည် တို့လွမ်းသည်" ခေါင်းစဉ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **ပအိုဝ်းဒေသ(ပြန်/ဆက်)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများက ဗန်းမော်ဆရာတော်ဘုရားကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ တို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် တို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

◆ရှေ့ဖုံးမှ

ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

အစီအစဉ်အရ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီး ဗန်းမော်ဆရာတော် ဘုရားကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ *စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဇနီးတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီးတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဇနီးတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

*စာမျက်နှာ ၃ မှ*

ဆက်လက်၍ ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ဗန်းမော်ဆရာတော်ဘုရားကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် ဇနီးတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိတ္ထီလာမြို့၊ သာသနဝေပုလ္လပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်ပြီး ကောင်စီဝင်များနှင့် ဇနီးများ၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီးနှင့် တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိတ္ထီလာ ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးနှင့် အခမ်းအနား တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများသည် ဗန်းမော်ဆရာတော်ဘုရားကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဗန်းမော်ဆရာတော် ဘုရားကြီးအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် ဇနီးတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီးတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

## ဌာနခွဲစာရေးများအတွက် အင်္ဂလိပ်စာနှင့်နိုင်ငံခြားရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၄/၂၀၂၂) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ




**နေပြည်တော် ဇူလိုင် ၈**

နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ကြီးမှူး၍ ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများတွင် ပထမအကြိမ်အဖြစ် သွားရောက်တာဝန်ထမ်းဆောင်မည့် ဌာနခွဲစာရေးများအတွက် အင်္ဂလိပ်စာနှင့် နိုင်ငံခြားရေးရာကျွမ်းကျင်မှု သင်တန်း အမှတ်စဉ် (၄/၂၀၂၂) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီက နိုင်ငံခြားရေးဝန်ကြီးဌာန(ရန်ကုန်) ဝန်ဇင်းမင်း ရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ အငြိမ်းစားသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာကြီး/ ဆရာမကြီးများနှင့် သင်တန်းသား သင်တန်းသူ ၃၂ ဦး တက်ရောက်ကြသည်။

**လေ့ကျင့်သင်ကြားပေး**

အဆိုပါသင်တန်းကို နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်တွင် မေ ၁၆ ရက်မှ ဇွန် ၂၄ ရက်အထိလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန(ရန်ကုန်)တွင် ဇွန်၂၇ ရက် မှ ဇူလိုင် ၈ ရက်အထိ လည်းကောင်း စုစုပေါင်းရက်သတ္တပတ် ရှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဌာနခွဲစာရေးများကို သံရုံးများသို့ ပထမဆုံးအကြိမ် သွားရောက်တာဝန် ထမ်းဆောင်သည့်အခါ သိရှိရန်လိုအပ်သည့် နိုင်ငံတကာရေးရာကိစ္စရပ်များ၊ နိုင်ငံခြားရေးရာကိစ္စရပ်များနှင့် သံတမန်ရေးရာကိစ္စရပ်များအပြင် အထွေထွေဗဟုသုတရပ်များကို သိရှိနားလည်နိုင်စေရန်နှင့် အင်္ဂလိပ်စာ အရည်အသွေး ပိုမိုတိုးတက်စေရန် ရည်ရွယ်၍ လေ့ကျင့်သင်ကြားပေးခဲ့ခြင်းဖြစ်သည်။

**သတင်းစဉ်**

## နမ့်စန်တွင် တောင်သူများကို နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ် ပိုက်ဆံလျှော် သစ်စိမ်းမြေသြဇာ ပြုလုပ်သုံးစွဲခြင်း ကွင်းသရုပ်ပြ

**နမ့်စန်(တ) ဇူလိုင် ၈**

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်တွင် တောင်သူများကို နေကြာမျိုးစေ့ ထောက်ပံ့ပေးအပ်ခြင်းနှင့် ပိုက်ဆံလျှော် သစ်စိမ်းမြေသြဇာပြုလုပ်သုံးစွဲခြင်း ကွင်းသရုပ်ပြပွဲ အခမ်းအနားကို ဇူလိုင် ၆ရက်က အမှတ်(၅)ကျေးရွာအုပ်စု အမှတ် (၁၀) ကျေးရွာအနီးရှိ နမ့်စန်စိုက်ကွင်းအတွင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးထားသည့် ပိုက်ဆံလျှော် ဧက ၅၀ စိုက်ခင်းရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးချိုနိုင်ထွန်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး၊ နမ့်စန်မြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မင်းစိုး၊ ကော်ဖီရာသီ သီးနှံဌာနခွဲ၊ နမ့်စန်စိုက်ကွင်းမှူး ဦးမိုးနိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အခမ်းအနား တက်ရောက်လာသော မိုင်းစိတ်၊ မက်မွန်မုန်း၊ နမ့်လစ်၊ ဝမ်ပုံ၊ လွိုင်ယဲ ကျေးရွာအုပ်စုတို့နှင့် အမှတ် (၅) ကျေးရွာအုပ်စုရှိ တောင်သူများအား ရေဆင်း(၁)စပ်မျိုးနေကြာမျိုးစေ့ ဧက ၅၀ စာကို ထောက်ပံ့ပေးအပ်ကြသည်။

**သူရအောင်**
**(ပြန်/ဆက်)**

◆ *ကျောဖုံးမှ*

ဂျပန်နိုင်ငံနှင့် ပြည်သူများအတွက် Mr. Abe ၏ စံနမူနာယူထိုက်သော ပေးဆပ်မှုများကို ဂျပန်ပြည်သူများ၏ နှလုံးသားတွင် အစဉ်အမြဲကိန်းအောင်းနေမည် ဖြစ်ပါသည်။ Mr. Abe သည် မြန်မာနိုင်ငံ၏ စစ်မှန်သောမိတ်ဆွေကောင်းနှင့် မိတ်ဆွေဟောင်းတစ်ဦးဖြစ်ပြီး ၎င်း၏ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ဆက်ဆံရေး ပိုမိုခိုင်မာစေရန် သန္နိဋ္ဌာန်ချ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများအပေါ် မြန်မာပြည်သူများအနေဖြင့် အမြဲအောက်မေ့သတိတရရှိနေမည် ဖြစ်ပါသည်။ ယခုလို ပူဆွေးသောကရောက်နေသည့်အချိန်တွင် မြန်မာပြည်သူများကလည်း ဂျပန်ပြည်သူများနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ထပ်လောင်းဖော်ပြအပ်ပါကြောင်း ဖော်ပြထားပါသည်။

ထို့ပြင် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း Mr. Shinzo Abe ၏ ဇနီးဖြစ်သူ Mrs. Akie Abe ထံသို့လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဝမ်းနည်းကြောင်းသဝဏ်လွှာကို ပေးပို့ထားကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း Mr. Shinzo Abe လုပ်ကြံခံရမှုနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ဖြေဆိုချက်



**မေး။** ဒီနေ့မနက်ပိုင်းမှာ ဂျပန်နိုင်ငံ နာရာမြို့မှာကျင်းပတဲ့ နိုင်ငံရေး အခမ်းအနားတစ်ခုမှာ ဂျပန်ဝန်ကြီးချုပ်ဟောင်း Mr. Shinzo Abe တက်ရောက်ပြီး မိန့်ခွန်းပြောကြားနေစဉ်မှာ သေနတ်နှင့် ပစ်ခတ်လုပ်ကြံခံရတယ်လို့ သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံ၏သဘောထားကို သိလိုပါတယ်။

**ဖြေ။** ဒီကိစ္စနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံအနေနဲ့ များစွာအံ့သြဝမ်းနည်းတုန်လှုပ်မိပါတယ်။ လုပ်ကြံမှုကိုလည်း ပြင်းထန်စွာ ရှုတ်ချပါတယ်။ Mr. Shinzo Abe ဟာ မြန်မာနိုင်ငံအတွက် မိတ်ဆွေကောင်းဖြစ်သလို မိတ်ဆွေဟောင်း တစ်ဦးလည်း ဖြစ်ပါတယ်။ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး များစွာဝမ်းနည်းရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ပြည်တွင်း၊ ပြည်ပ မည်သည့် အကြမ်းဖက်လုပ်ရပ်ကိုမဆို လုပ်ကိုင်တဲ့ အကြမ်းဖက်ပုဂ္ဂိုလ်၊ အကြမ်းဖက်အဖွဲ့အစည်းများအပေါ် ပြင်းထန်စွာ ရှုတ်ချပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အနေနဲ့လည်း ဝမ်းနည်းကြောင်းစာများ ပေးပို့ပြီးဖြစ်ပါတယ်။

❖ *ကျောဖုံးမှ*

ကြေညာချက်အပြည့်အစုံမှာ –

### ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ် နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှု မရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများ အနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက် အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား/ ကျောင်းသူများ၊ လူငယ်လူရွယ်များတို့သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများသို့ စာရင်းသွင်း ပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့် လုပ်ရပ်များတွင် ပါဝင်လိုခြင်း မရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း/ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံ အကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင် တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏ နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင် ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည် ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၈**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၇ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့ရှိ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်း၊ စျေးတန်းဘုန်းတော်ကြီးကျောင်း၊ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ရှိ တောင်သုံးလုံးဦးသာသနာ့ရိပ်သာ၊ တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်ရှိ ကျွဲသုံးညီမကျေးရွာ လာဘသိဒ္ဓိပေါ်တော်မူကျောင်းတိုက်၊ သဒ္ဓမ္မာရာမကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အောင်ချမ်းသာရပ်ကွက်ရှိ သာသနာ့မဏ္ဍိုင်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့ရှိ ပဏ္ဍိတာရာမရွှေကျင်ကျောင်းတိုက်နှင့် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဆင်တဲကျေးရွာရှိ ရွှေစာရံဘုန်းတော်ကြီးကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇူလိုင် ၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၅ နှစ်မှ ၁၂ နှစ်အထက် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၄၀၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၁၂၅၁ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၅၈မြို့နယ်၌ ဒေသခံပြည်သူ ၃၈၁၂ဦး၊မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခု၌ ဒေသခံပြည်သူ ၃၄၉၉၃ ဦး၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ပဲခူးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၂၉ ဦးကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၆၆၃၂၁ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၈၃၉၂ ဦးကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား ကျောင်းသူများ ထိုင်းနိုင်ငံမှ စင်ကာပူနိုင်ငံသို့ လေ့လာရေးခရီးဆက်လက်သွားရောက်



**နေပြည်တော် ဇူလိုင် ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်ချက်အရ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝိဇ္ဇာဘာသာတွဲ၊ သိပ္ပံဘာသာတွဲ၊ ဝိပ္ပံဘာသာတွဲများတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး အဆင့် ၁ မှ အဆင့် ၁၀ အတွင်း ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၃၃ ဦးကို ချီးမြှင့်ဂုဏ်ပြုသည့်အနေဖြင့် နိုင်ငံတော်က ဇူလိုင် ၄ ရက်မှ ၈ ရက်အထိ ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သို့ လေ့လာရေးခရီး ပို့ဆောင်ခဲ့သည်။

ထိုင်းနိုင်ငံတွင် ရောက်ရှိနေသော ထူးချွန်ကျောင်းသား ကျောင်းသူ လေ့လာရေးအဖွဲ့သည် ကြီးကြပ်သူ ဆရာ ဆရာမများ၊ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၆ ရက်တွင် ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Singapore Airlines ဖြင့် စင်ကာပူနိုင်ငံသို့ လေ့လာရေးခရီး ဆက်လက်ထွက်ခွာရာ ဒေသစံတော်ချိန် ၃ နာရီ မိနစ် ၄၀ တွင် စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြ၍ စင်ကာပူနိုင်ငံရှိ မြန်မာသံရုံးနှင့် စစ်သံရုံးမှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ထူးချွန်ကျောင်းသား ကျောင်းသူ လေ့လာရေးအဖွဲ့သည် မြန်မာသံရုံးသို့ရောက်ရှိရာ သံရုံးယာယီတာဝန်ခံ ဦးစိုးမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး လေ့လာရေးခရီးစဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ညစာဖြင့် တည်ခင်းဧည့်ခံသည်။ ယင်းနောက် ထူးချွန်ကျောင်းသား ကျောင်းသူများအဖွဲ့သည် Gardens by the Bay သို့ သွားရောက်လည်ပတ်ကြသည်။



၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား ကျောင်းသူများ Nanyang Technological University–NTU သို့ သွားရောက်လေ့လာစဉ်။

ထူးချွန်ကျောင်းသားကျောင်းသူများ လေ့လာရေးအဖွဲ့သည် ဇူလိုင် ၇ ရက် နံနက်ပိုင်းတွင် စင်ကာပူနိုင်ငံရှိ ကမ္ဘာလှည့်ခရီးသည်များ အများဆုံးသွားရောက်လည်ပတ်သည့် နေရာများဖြစ်ကြသော Sentosa Beach, Palawan Beach နှင့် Siloso Beach များသို့ သွားရောက်လည်ပတ်ကာ အမှတ်တရဓာတ်ပုံများ ရိုက်ကြပြီး Siloso Beach တွင် နေ့လယ်စာ သုံးဆောင်ကြသည်။

မွန်းလွဲပိုင်းတွင် Universal Studios Singapore သို့ သွားရောက်လည်ပတ်ကြသည်။ ဆက်လက်၍ Waterfront Station မှ မိုးပျံရထားစီးနင်း၍ VivoCity Station သို့သွားရောက်ပြီး လာရောက်ကြိုဆိုသည့် မော်တော်ယာဉ်များဖြင့် Science Center Singapore သိပ္ပံပြတိုက်သို့ သွားရောက်၍ လှည့်လည်ကြည့်ရှုလေ့လာကြသည်။ ယင်းနောက် လေ့လာရေးအဖွဲ့သည် Nanyang Technological University–NTU သို့ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုကာ တက္ကသိုလ်အတွင်း လှည့်လည်ရှင်းလင်းပြသကြသည်။ ဆက်လက်၍ VivoCity သို့ သွားရောက်လည်ပတ်၍ ဈေးဝယ်ကြသည်။

ထိုမှတစ်ဆင့် Time Capsule တွင် စင်ကာပူနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်လာမှုသမိုင်းကြောင်းကို လေ့လာကြည့်ရှုပြီး Singapore Flyer စီးနင်း၍ စင်ကာပူတစ်မြို့လုံး၏ ညအလှရှုခင်းကို ခံစားကြည့်ရှုကြသည်။

ထူးချွန်ကျောင်းသားကျောင်းသူ လေ့လာရေးအဖွဲ့သည် ဇူလိုင် ၈ ရက်တွင် Lavender ဘူတာမှ Raffles Place ဘူတာသို့ MRT ရထားစီးနင်း၍ စင်ကာပူမြစ်ဘေးရှိ Boat Quay သို့ သွားရောက်လည်ပတ်ကြသည်။ ထို့နောက် Fullerton Hotel နှင့် Asian Civilisations Museum အကြားရှိ Mirror Balls ကို လေ့လာကြည့်ရှုကြပြီး စင်ကာပူနိုင်ငံ၏ အထိမ်းအမှတ်ဖြစ်သည့် Merlion ရုပ်တုပန်းခြံသို့လည်းကောင်း **(အပေါ်ပုံ)**၊ East Coast Park ပန်းခြံသို့ လည်းကောင်း သွားရောက်လည်ပတ်ကာ နေ့လယ်စာ သုံးဆောင်ကြသည်။

ဆက်လက်၍ IKEA ဈေးဝယ်စင်တာသို့ သွားရောက်ခဲ့ကြပြီး ချန်ဂီအပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ Jewel Changi Airport သို့ ရောက်ရှိလေ့လာကြကာ ညပိုင်းတွင် စင်ကာပူနိုင်ငံမှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေနှစ်စီးဖြင့် Mask ၉ ဒသမ ၅ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန်ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## (၇၅)နှစ်မြောက် အာဇာနည်နေ့အကြို ပြိုင်ပွဲများကျင်းပ

**မန္တလေး**

ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် အာဇာနည်နေ့အကြိုဟောပြောပွဲနှင့် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့က ရတနာပုံတက္ကသိုလ်ရှိ ပြည်ထောင်စုခန်းမ၌ ပြုလုပ်ရာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက အမှာစကားပြောကြားပြီး သမိုင်းဌာနမှပါမောက္ခ(ဌာနမှူး) ဒေါက်တာထွန်းထွန်းရှိန်က “ ၁၉ ဇူလိုင် မမေ့နိုင်” ခေါင်းစဉ်ဖြင့် ဟောပြောသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများ၏ သိရှိလိုသည့် မေးခွန်းများကို ပြန်လည်ဖြေကြားပေးသည်။

ဆက်လက်ပြီး ဇူလိုင် ၅ ရက်တွင် ပြုလုပ်ခဲ့သည့် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသူများနှင့် ဆောင်းပါးပြိုင်ပွဲတွင် ဂုဏ်ပြုဆုရရှိသူတို့အား ဒုတိယပါမောက္ခချုပ်များက ဆုများချီးမြှင့်သည်။

**တင်မောင် – မန္တလေး**

**ရှမ်းရွာသစ်**

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ အာဇာနည်နေ့ အကြို အထိမ်းအမှတ်အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ် စာစောင်ပြပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။ ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မိုးအေးက အာဇာနည်နေ့အကြောင်း သိကောင်းစရာများကို အသိပညာပေးဟောပြောပြီး အာဇာနည်နေ့ဖြစ်ပေါ်လာပုံအကြောင်းအရာများကို ထုတ်နုတ်ထားသည့် နံရံကပ်စာစောင်များ ပြသဆောင်ရွက်ကြောင်း သိရသည်။

**ဇင်လေး(ပြန်/ဆက်)**

**ညောင်ရွှေ**

(၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကို ဇူလိုင် ၈ ရက်က ညောင်ရွှေမြို့နယ်ပညာရေးမှူးရုံးခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် အထက(၁)၊ အထက(၂)၊ အထက(၃)၊ အထကဟဲယာရွာမ၊ အထက(ခွဲ) လွယ်ခေါ့၊ အထက(ခွဲ) အိုင်ထောင့်ကြီးနှင့် အထက(ခွဲ) အင်းတိန်ကုန်းတို့မှ ကျောင်းသား ကျောင်းသူများက အာဇာနည်နေ့ တို့မမေ့ ခေါင်းစဉ်ဖြင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**နေမျိုးသူရိန်**

## တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လို

တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျ ရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှူ့ရှူ့၊ စစ၊ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ အချိန် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ၂၀၂၀ ပြည့်နှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေတစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုနှင့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆု ချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၈

၂၀၂၀ ပြည့်နှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေ တစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုနှင့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။ (ယာပုံ)

### အမှာစကားပြောကြား

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ဆရာကြီး ဦးအုံးဖေလှူဒါန်းခဲ့သည့် စာပေရန်ပုံငွေ ပမာဏသည် ယင်းခေတ် ယင်းအချိန်က နိုင်ငံတော်မှာ မကြုံစဖူး စံပြုလောက်ပြီး စာပေကဏ္ဍအတွက် တန်ဖိုးမဖြတ်နိုင်သည့် အကျိုးသက်ရောက်မှုများ ရရှိစေပါကြောင်း၊ မြန်မာစာပေ မြင့်မားတိုးတက်ရေးနှင့် ကြွယ်ဝဖွံ့ဖြိုးရေးတွင် ထိရောက်သည့် အထောက်အကူတစ်ရပ်လည်း ဖြစ်ပါကြောင်း။

နိုင်ငံတော် ဝန်ကြီးချုပ်က ပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်ရေးနှင့် စာအုပ်စာပေ ပိုမိုဖွံ့ဖြိုးထွန်းကားလာရေးအတွက်ကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန်ထားပါကြောင်း၊ စာအုပ်စာပေ လူ့မိတ်ဆွေဆိုသည့် စကားအတိုင်း လူငယ်များ ဘဝတိုးတက်ရေးနှင့် အတွေးအခေါ် အယူအဆမှန်ကန်ရေးကိုအားပေးသည့် စာအုပ်စာပေကောင်းများ၊ ပြည်သူတို့၏ အသိအမြင် မှန်ကန်ရေးနှင့် အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူ ဖြစ်စေမည့် စာအုပ်စာပေများ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရေးအတွက် ခေတ်ကာလ အခြေအနေနှင့် လိုက်လျောညီထွေသည့်တိုင်းကျိုးပြည်ပြုစာပေများကို ဆက်လက်ရေးသားပေးကြပါဟု စာပေပညာရှင်များကို မေတ္တာရပ်ခံအပ်ပါကြောင်း၊ ပြည်သူများအတွေးအခေါ် အယူအဆမှန်ကန်စေရေး စာပေလေ့လာဖတ်ရှုစေရေးအတွက် စာပေပညာရှင်ကြီးများက ဝိုင်းဝန်းဖော်ဆောင်ပေးကြစေလိုပါကြောင်း။



### ကြိုးစားဆောင်ရွက်နေ

နိုင်ငံတော်ကလည်း ယနေ့ အနာဂတ်လူငယ်များကို ပြုပြင်ဆောင်ရွက်ရန်အတွက် Short term, Long term အစီအစဉ်များနှင့် ကြိုးစားဆောင်ရွက်နေပါကြောင်း၊ ယခုလောလောဆယ် လူငယ်လူရွယ်များ၏ စာရိတ္တကောင်းမွန်စေရေးနှင့် စိတ်နေသဘောထား မှန်ကန်ကောင်းမွန်စေရေးအတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ဗုဒ္ဓဘာသာဝင်များ၏ အခြေခံ ၃၈ ဖြာမင်္ဂလာကို ရိုက်ကူးထုတ်လွှင့် ပြသနေပါကြောင်း၊ နိုင်ငံတော်အဆင့် "ဆို၊ က၊ ရေး၊ တီး" ပြိုင်ပွဲကြီးကိုလည်း လာမည့် အောက်တိုဘာလတွင် ကျင်းပရန် စီစဉ်လျက်ရှိပါကြောင်း။

ထို့အပြင် နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်ချက်အရ မြန်မာ့ယဉ်ကျေးမှုနှင့် ဆီလျော်သည့် နိုင်ငံတကာအဆင့်မီ စာဆိုဗိမာန် အဆောက်အအုံကို ရန်ကုန်မြို့၌ တည်ဆောက်သွားမည်ဖြစ်သကဲ့သို့ ရန်ကုန်နှင့်မန္တလေးတွင်လည်း အနုပညာဗဟိုဌာန (Art Centre) များကိုလည်း တည်ဆောက်လျက်ရှိပါကြောင်း။

ယနေ့ ဆုချီးမြှင့်ခံရသည့် စာပေပညာရှင်များက အမျိုးဘာသာ၊ သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သည့်၊ နိုင်ငံ၏ပုံရိပ်ကို မြှင့်တင်ဖော်ပြနိုင်သည့် စာကောင်းပေမွန်များကို ဆက်လက် ရေးသားဖွဲ့ဆိုနိုင်ကြပါစေ၊ မျိုးဆက်သစ်ကလောင်ရှင်များကိုလည်း စေတနာကောင်းဖြင့် လက်ဆင့်ကမ်းနိုင်ကြပါစေ၊ ပညာရည်ချွန်ဆုရသည့် ကျောင်းသားကျောင်းသူများကလည်း ပညာရည်ချွန်ဆုရသည့် ယနေ့မှစ၍ နောက်နောင်ပညာရေးဘဝ ပိုမိုမြင့်မားအောင်၊ မိမိအတွက် သာမက ပတ်ဝန်းကျင်၊ တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက်ပါ သယ်ပိုးထမ်းဆောင်နိုင်သည့် ပုဂ္ဂိုလ်များ ဖြစ်ကြပါစေ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးစေရေး တစ်ထောင့်တစ်နေရာမှ ကူညီပံ့ပိုးနေသည့် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုကြီးသည်လည်း နောင်နှစ်ပေါင်း များစွာတိုင်အောင် အစွန့်ရှည်တည်တံ့ ခိုင်မြဲပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ၊ ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က ဆုချီးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

### ဆုပေးအပ်ချီးမြှင့်

ယင်းနောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ပခုက္ကူစာပေတစ်သက်တာ စာပေဆုရ ဒေါက်တာမျိုးသန့်တင်နှင့် ဦးညွှန့်ဆွေ (မောင်ဆွေသက်) တို့အား ဆုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ဝတ္ထုရှည် ပထမဆုရတင်တော်၊ ဒုတိယဆုရ မျှဝေ (ဥက္ကံ) နှင့် တတိယဆုရ မေသနပ်ခါး (ကိုယ်စား) မိသားစုဝင် တစ်ဦးတို့အား လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ ရွှေညောင်မြေ မောင်စန်းမြင့်(ကိုယ်စား) မိသားစုဝင်တစ်ဦး၊ ဒုတိယဆုရ စံဝင်းအောင်(မြန်အောင်)နှင့် တတိယဆုရ ထက်ဝေအောင်(စစ်ကိုင်း) တို့အားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်က သုတေသနစာပေ ပထမဆုရ ဆွေဇင်ညွှန့် (ACPE)၊ ဒုတိယဆုရ ဘိုးရာဇာ (စိုက်ပျိုးရေး)၊ တတိယဆုရ တောင်တွင်းကျော်ဝင်း (စက်မှုအင်ဂျင်နီယာ) (ကိုယ်စား) ညီဖြစ်သူနှင့် ကျမ်းစာပေ ဒုတိယဆုရ မောင်အောင်တို့အားလည်းကောင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က ကဗျာပေါင်းချုပ် ပထမဆုရ ကိုလေးပြည့်၊ ဒုတိယဆုရ သမီးပျိုနှင့် တတိယဆုရ ကြည်သိန်းဇော် (ကိုယ်စား) မိသားစုဝင်တစ်ဦးတို့အား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

*စာမျက်နှာ ၈ သို့*



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၀ ပြည့်နှစ်အတွက် ပခုက္ကူစာပေတစ်သက်တာ စာပေဆုရ ဦးညွှန့်ဆွေ(မောင်ဆွေသက်) အား ဆုပေးအပ်ချီးမြှင့်စဉ်။

# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၈**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အစိုးရနည်းပညာကောလိပ်(နေပြည်တော်)၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က စိုက်ပျိုးမည့်ပျိုးပင်များကို ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများကိုယ်စား အစိုးရနည်းပညာကောလိပ် (နေပြည်တော်) ကျောင်းအုပ်ကြီးကို လည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က အစိုးရနည်းပညာအထက်တန်းကျောင်း (နေပြည်တော်) ကျောင်းအုပ်ကြီးကို လည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုင်းကျော်နိုင်ဦးက အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုသင်တန်းကျောင်း (နေပြည်တော်) ကျောင်းအုပ်ကြီးကို လည်းကောင်း ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး **(အပေါ်ယာပုံ)** နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ကံ့ကော်ပင်ကို စိုက်ပျိုးပေးကြပြီး သက်ဆိုင်ရာတာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ကံ့ကော်ပင်နှင့် ခရေပင်များကို စိုက်ပျိုးပေးကြသည်။




ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှု အားပေးကြသည်။ ယနေ့ကျင်းပသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် ကံ့ကော်ပင် ၂၀၀ နှင့် ခရေပင် ၄၀၀ စုစုပေါင်း အပင် ၆၀၀ စိုက်ပျိုးကြသည်။

ယခုနှစ် မိုးရာသီကာလအတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် ဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများဖြစ်ကြသည့် နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ရတနာတန်းဝင်အပင်များ၊ အရိပ်ရလေကာပင်များ၊ နှစ်ရှည်သီးပင်စားပင်များနှင့် အလှပန်းပင်များ စုစုပေါင်း ၃၄၀၀၀ ကျော်တို့ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် Sydney Accord နှင့်အညီဖြစ်စေရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အစိုးရနည်းပညာကောလိပ် (နေပြည်တော်) တွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများ၏ သင်ကြားသင်ယူ ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး လက်တွေ့ခန်းများ၊ သင်ထောက်ကူပစ္စည်းများ၊ အလုပ်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများကို လိုအပ်သည်များ မှာကြားပြီး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယနေ့ သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပသော အစိုးရနည်းပညာကောလိပ် (နေပြည်တော်) တွင် နည်းပညာဘွဲ့သင်တန်း(Bachelor of Technology (B.Tech)) များဖြစ်ကြသည့် မြို့ပြအင်ဂျင်နီယာ (Civil Engineering)၊ စက်မှုအင်ဂျင်နီယာ (Mechanical Engineering)၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ (Electrical Power Engineering)၊ စက်မှုလယ်ယာနည်းပညာ (Farm Machinery Technology) နှင့် အစားအသောက်နည်းပညာ(Food Technology) အထူးပြုဘာသာရပ်များကို သင်ကြားပေးမည်ဖြစ်သည်။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် အစိုးရနည်းပညာကောလိပ် ငါးကျောင်းအား(နေပြည်တော်၊ ရွှေဘို၊ မန္တလေး၊ ကျောက်ဖြူ၊ တောင်ဒဂုံ) တို့တွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်ခွင့် စာမေးပွဲတွင် သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒဘာသာရပ်များပါဝင်သော မည်သည့်ဘာသာတွဲများဖြင့်မဆို အောင်မြင်သည့် ကျောင်းသား ကျောင်းသူများ လျှောက်ထားနိုင်မည်ဖြစ်ပြီး သင်တန်းကာလ လေးနှစ်ပြီးစီးပါက Bachelor of Technology (B.Tech) ဘွဲ့ကို တိုက်ရိုက် အပ်နှင်းချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၇ မှ*

**ဆုများပေးအပ်ချီးမြှင့်**

ယင်းနောက် ပခုက္ကူစာပေဆုရန်ပုံငွေကြီးကြပ်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဦးသိန်းခိုင်ဦးက ပခုက္ကူစာကြည့်တိုက် စာအုပ်ဆုရရှိကြသူများ ဖြစ်ကြသည့် ကြည်ထွန်းမော်နှင့် ဒေါက်တာညိုအောင်တို့အား လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ဒုတိယပါမောက္ခချုပ် ဒေါ်ဌေးဌေးဆွေက ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) မှ ဒုတိယနှစ် (သဘင်ပညာ အထူးပြု) ကျောင်းသူ မသဇင်ထက်နှင့် အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(မန္တလေး) မှ ဒုတိယနှစ် (ပန်းချီပညာ အထူးပြု) ကျောင်းသား မောင်ထင်ရှားအောင်တို့အား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် စာပေအလှူရှင် ပခုက္ကူဦးအုံးဖေ ကိုယ်စား ပခုက္ကူစာပေဆု ရန်ပုံငွေ ကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဦးသိန်းခိုင်ဦးက စာပေဆု ချီးမြှင့်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ယင်းနောက် ဆုရရှိကြသူများကိုယ်စား ပခုက္ကူစာပေ တစ်သက်တာဆုရ ဦးညွန့်ဆွေ (မောင်ဆွေသက်)က ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့ဆုချီးမြှင့်ပွဲတွင် ဆုရရှိကြသူ ၁၉ ဦးအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ချီးမြှင့်သော တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီဖြင့်စုစုပေါင်း ငွေကျပ် ၁၉ သိန်းကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် ၂၀၂၀ ပြည့်နှစ် ပခုက္ကူစာပေ တစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ ပညာရည်ချွန်စာပေဆုနှင့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆု ရရှိသူများ၏ ဓာတ်ပုံများကို ကြည့်ရှုသည်။

ယနေ့ ဆုချီးမြှင့်ပွဲတွင် တစ်သက်တာစာပေဆု နှစ်ဆု၊ ၂၀၂၀ ပြည့်နှစ်အတွက် တင်သွင်းလာသော စာမူပေါင်း ၄၇ စောင်ကို စာမူဆု စည်းကမ်းများနှင့်အညီ ဖတ်ရှုစိစစ်ခဲ့ပြီး ဝတ္ထုရှည်ဆု၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ ကျမ်းစာပေ၊ သုတေသနစာပေတို့မှ ဆုပေါင်း ၁၃ ဆုနှင့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက် စာအုပ်ဆု နှစ်ဆုနှင့် အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်များမှ ပညာသင်ဆု နှစ်ဆုတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စာဆိုဗိမာန် တည်ဆောက်**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စာဆိုဗိမာန်တည်ဆောက်ခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တက်ရောက်၍ စာဆိုဗိမာန်ကို အကောင်းဆုံးနှင့် အဆင့်မီ တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ စာဆိုဗိမာန်၏ ဝေါဟာရနှင့် ထားသိုမှုပုံစံများ အကြမ်းဖျင်း လျာထားဆွေးနွေးပေးကြစေလိုပါကြောင်း၊ နိုင်ငံတကာပုံစံများကို ကိုးကားနမူနာယူ၍ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဟန်များ ပါဝင်သော အဆောက်အအုံ ဖြစ်စေလိုပါကြောင်း၊ ပုံစံပေါ်လာပါက စတင်အကောင်အထည်ဖော်ပြီးနောက် အတွင်းပိုင်း အသေးစိတ်လိုအပ်မှုကို အချိန်ယူ ဆောင်ရွက်သွားရမည်ဟု ယူဆပါကြောင်း၊ တက်ရောက်လာသော စာပေပညာရှင်များက စာဆိုဗိမာန် အဆောက်အအုံကို ပုံဖော်နိုင်မည့်ပုံစံနှင့် ပတ်သက်၍ ဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စာဆိုဗိမာန်တည်ဆောက်မည့် မြေနေရာနှင့် အကျယ်အဝန်း၊ အဆောက်အအုံပုံစံအကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်တက်ရောက်လာသော စာပေပညာရှင်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စာဆိုဗိမာန် တည်ဆောက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဒုတိယဝန်ကြီး ဦးရဲတင့်တို့က ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

---

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် မိသားစုများအား ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့

**ရန်ကုန် ဇူလိုင် ၈**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် အလှူရှင်များပူးပေါင်း၍ ရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်လောကသားမိသားစုများ၏ သားသမီး ၁၃၄ ဦးကို ကျောင်းဝတ်စုံ၊ ကျောင်းသုံးသင်ထောက်ကူပစ္စည်းများနှင့် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက ဦးအောင်လွင်နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းတို့က အမှာစကားပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာနမှလှူဒါန်းသော ငွေကျပ် ၁၀ သိန်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ အကြံပေး ဦးသိန်းနိုင်ကပေးအပ်ရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယကနှင့် ဥက္ကဋ္ဌတို့က လက်ခံရယူ၍ **(ယာပုံ)** ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အဖွဲ့ဝင်များဖြစ်ကြသည့် ရုပ်ရှင်သရုပ်ဆောင်များနှင့် အလှူရှင်များက ပညာသင်ထောက်ပံ့စရိတ် တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀၊ ကျောင်းစိမ်းဝတ်စုံ တစ်စုံ၊ ဗလာစာအုပ် နှစ်ဒါဇင်၊ ကွန်ပါဘူး၊ ခဲတံ၊ ဘောပင်၊ ချွန်စက်၊ ခဲဖျက်၊ ရေဘူးနှင့် ထီးတို့ကို ကျောင်းသား ကျောင်းသူ ၁၃၄ ဦးတို့အား ထောက်ပံ့ပေးအပ်သည်။




အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အဖွဲ့ဝင်များနှင့် ရုပ်ရှင်သရုပ်ဆောင်များ၊ ရုပ်ရှင်အလွှာ ၁၀ လွှာမှ လောကသားများ တက်ရောက်ကြကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)**

**ဓာတ်ပုံ – ကနူး**

# လူ့အခွင့်အရေးကောင်စီ၏မူဝါဒများကို ကောင်စီကိုယ်တိုင် လိုက်နာရန်ပျက်ကွက်

ဂျီနီဗာမြို့၌ ၁၃-၆-၂၀၂၂ မှ ၈-၇-၂၀၂၂ ရက်အထိ ကျင်းပခဲ့သည့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ အကြိမ်(၅၀)မြောက် ပုံမှန်အစည်းအဝေးကာလတွင် မြန်မာနိုင်ငံအတွက် အထောက်အကူမဖြစ်သော ဆွေးနွေးပွဲများစွာ ကျင်းပခဲ့သည်ကို တွေ့ရှိရသည်။ ယင်းဆွေးနွေးပွဲများတွင် အစ္စလာမ့်မ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အိုအိုင်စီ)မှ တင်သွင်းခဲ့သော ဆုံးဖြတ်ချက်အဆိုအရ ၁၄-၆-၂၀၂၂ ရက်တွင် ကျင်းပခဲ့သည့် လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏နှုတ်ဖြင့် အစီရင်ခံချက်အပေါ် အပြန်အလှန်ဆွေးနွေးပွဲနှင့် ၁၅-၆-၂၀၂၂ ရက်တွင် ကျင်းပခဲ့သည့် "မြန်မာနိုင်ငံရှိ "ရိုဟင်ဂျာ" မွတ်စလင်များနှင့် အခြားလူနည်းစုများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ဖိနှိပ်မှုများ ဖြစ်ပွားစေသည့် အကြောင်းရင်းများ" ခေါင်းစဉ်ပါ ဆွေးနွေးပွဲနှင့် ဥရောပသမဂ္ဂ (အီးယူ)မှ တင်သွင်းခဲ့သော ဆုံးဖြတ်ချက်အဆိုအရ ၂၉-၆-၂၀၂၂ ရက်တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏နှုတ်ဖြင့် အစီရင်ခံချက်အပေါ် အပြန်အလှန်ဆွေးနွေးပွဲတို့ ပါဝင်သည်။ ထို့ပြင် အိုအိုင်စီက တင်သွင်းသော "မြန်မာနိုင်ငံရှိ "ရိုဟင်ဂျာ" မွတ်စလင်များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေးအခြေအနေ" ခေါင်းစဉ်ပါ ဆုံးဖြတ်ချက်အဆိုတစ်ရပ်ကို ၇-၇-၂၀၂၂ ရက်တွင် လူ့အခွင့်အရေးကောင်စီက အတည်ပြုချမှတ်ခဲ့သည်။ လူ့အခွင့်အရေးကောင်စီသည် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ညှိနှိုင်းဆွေးနွေးခြင်း မူများကို ဆန့်ကျင်၍ သက်ဆိုင်ရာနိုင်ငံ ပါဝင်ခြင်းမရှိဘဲ ယင်းတို့ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဂျီနီဗာမြို့ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ်ရုံးက ယင်းဆွေးနွေးပွဲအသီးသီးနှင့် ဆုံးဖြတ်ချက်အဆိုတို့အပေါ် တုံ့ပြန်ကန့်ကွက်ချက်များအား ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

လူ့အခွင့်အရေးကောင်စီ၏ အထက်ပါအပြုအမူများကို ကြည့်ခြင်းဖြင့် လူမျိုးပေါင်းစုံနှင့် ဘာသာပေါင်းစုံ အတူတကွနေထိုင်သည့် မြန်မာနိုင်ငံရှိ ပြည်သူများအကြား လူ့အခွင့်အရေးအရေးခြံ၍ စိတ်ဝမ်းကွဲပြားမှုများနှင့် မယုံကြည်မှုများဖြစ်ပေါ်စေရန် ရွေးချယ်ပစ်မှတ်ထားနေသည့် အတိုင်းအတာကို ထင်ရှားစေသည်။ လူ့အခွင့်အရေးကောင်စီကချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အဆို ကိုယ်တိုင်ကပင် မမှန်ကန်သောစွပ်စွဲချက်များ၊ နိုင်ငံရေးနှင့် ဘာသာရေး သက်ဝင်သော အသုံးအနှုန်းများဖြင့် အမုန်းတရားဖြစ်ပေါ်စေသည်။ ယင်းဆုံးဖြတ်ချက်အဆိုနှင့် ဆွေးနွေးပွဲများသည် ၂၀၁၇ ခုနှစ်တွင် လူအများအပြား နေရပ်စွန့်ခွာမှု ဖြစ်ပေါ်စေခဲ့သည့် အကြမ်းဖက်မှုများကိုလည်းကောင်း၊ ကော့ဘဇားရှိ စခန်းများတွင် လှုပ်ရှားနေသော အာဆာ ခေါ် အာရက္ခမူဂျာဟီဒင် ဆိုသည့်အဖွဲ့က နေရပ်ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းစဉ်ကို လိုလားသူများအား ဆက်လက်သတ်ဖြတ်နေမှုများကိုလည်းကောင်း ဖုံးကွယ်ထားသည်။

မြန်မာနိုင်ငံသည် ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေနှင့်ကိုက်ညီသူများကို လူမျိုးဘာသာမခွဲခြားဘဲ သင့်လျော်သည့် နိုင်ငံသားအဆင့်အတန်းပေးလျက်ရှိသည်။ သို့ရာတွင် မြန်မာနိုင်ငံ၏ ဥပဒေနှင့် သမိုင်းကြောင်း မှတ်တမ်းများတွင်မရှိခဲ့သည့် ဖန်တီးထားသော "ရိုဟင်ဂျာ" အသုံးအနှုန်းကို အသိအမှတ်မပြုကြောင်း ထပ်လောင်းဖော်ပြအပ်သည်။ ထိုကဲ့သို့အသုံးအနှုန်း သုံးစွဲမှုကိုလည်း ပြင်းထန်စွာ ကန့်ကွက်ကြောင်း ဖော်ပြအပ်သည်။

လူ့အခွင့်အရေးကောင်စီသည် ၎င်း၏မူဝါဒများနှင့် ရည်ရွယ်ချက်များကို လိုက်နာခြင်းမရှိတော့ဘဲ နိုင်ငံအချို့၏ထိန်းချုပ်ခြင်းခံရကာ နိုင်ငံများ၏ ပြည်တွင်းရေးကိစ္စများတွင် ၎င်းတို့လိုလားသည့် လမ်းကြောင်းအတိုင်း ဖြစ်ပေါ်စေရန်ဆောင်ရွက်သည့် စင်မြင့်တစ်ရပ်ဖြစ်လာသည်ကို စိတ်အနှောင့်အယှက်ဖြစ်ဖွယ် တွေ့ရသည်။ သို့ဖြစ်ရာ သက်ဆိုင်ရာနိုင်ငံမပါဝင်ဘဲ အထက်ပါကိစ္စများဆောင်ရွက်ရန် လူ့အခွင့်အရေးကောင်စီက ဆုံးဖြတ်ခဲ့သည်ကို မြန်မာနိုင်ငံက ထပ်လောင်းကန့်ကွက်သည်။ ၇-၇-၂၀၂၂ ရက်တွင် စာရွက်စာတမ်းအမှတ် A/HRC/50/L.21 ပါ ဆုံးဖြတ်ချက် အဆို (မူကြမ်း)ကို အတည်ပြုချမှတ်ရာတွင် မြန်မာနိုင်ငံက ပါဝင်ပတ်သက်ခြင်းမရှိဘဲ နိုင်ငံ၏အချုပ်အခြာအာဏာနှင့် ဂုဏ်သိက္ခာကို ထိပါးသော အသုံးအနှုန်းများပါဝင်သည့် အဆို(မူကြမ်း) တစ်ခုလုံးကို ကန့်ကွက်ပယ်ချလိုက်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၈ ရက်

❑ *ကျောဖုံးမှ*

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေး ဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU) မှ အထွေထွေအတွင်းရေးမှူး ကျာဆော်လမွန်၊ တွဲဖက်အတွင်းရေးမှူး (၂) ကျာယာကုပ်၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ကျာဖူးတို့ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

တွေ့ဆုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU) အထွေထွေအတွင်းရေးမှူး ကျာဆော်လမွန်တို့က နှုတ်ခွန်းဆက် အမှာစကားပြောကြားကြပြီး တက်ရောက်လာကြသူများက ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးကြကာ တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားလိုက်သည်။

တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ဇူလိုင် ၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# နိုင်ငံတော်အစိုးရက မျိုးဆက်သစ်လူငယ်များကို ပညာရည်အဆင့်အတန်း၊ အရည်အသွေး၊ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်များ ပြည့်စုံစေပြီး အမျိုးသားပညာရည်မြင့်မားစေရေး စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၈**

၂၀၂၂ ခုနှစ် ပညာရည် ထူးချွန်သူ ကျောင်းသား/ကျောင်းသူများနှင့် သင်တန်းထူးချွန်သူ ဝန်ထမ်းများအား ဂုဏ်ပြုဆု ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ပွင့်ဆန်းက နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးဟူသည့် ပညာရေးဆိုင်ရာ အမျိုးသားရေးမျှော်မှန်းချက်ကို ချမှတ်ပြီး ပညာရေးပြုပြင်ပြောင်းလဲမှုများကို ခေတ်စနစ်နှင့်လျော်ညီစွာ စီမံကိန်းများဖြင့် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံသားတိုင်း အခြေခံပညာကို ကောင်းမွန်စွာ သင်ယူတတ်မြောက်ရေး၊ ကျောင်းသား/ကျောင်းသူ လူငယ်များ ဘက်စုံထူးချွန်ထက်မြက်ပြီး နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေးနှင့် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးဟူ၍ စနစ်တကျ စီမံဆောင်ရွက်လျက် ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရက မျိုးဆက်သစ်လူငယ်များကို ပညာရည်အဆင့်အတန်း၊ အရည်အသွေး၊ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်များ ပြည့်စုံစေပြီး အမျိုးသားပညာရည် မြင့်မားစေရေး စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း တစ်တပ်တစ်အား ပါဝင်ချီးမြှင့်ပံ့ပိုးသည့်အနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်သည့်အခါ ဂုဏ်ပြုဆုငွေ ချီးမြှင့်ခြင်းတို့ကို နှစ်စဉ်ချီးမြှင့် ပေးလျက်ရှိပါကြောင်း၊ ထူးချွန်ထက်မြက်သော ပညာရှင်များဖြစ်ရန် ယခုရရှိထားသည့် ထူးချွန်မှု အောင်မြင်မှုများနှင့် ကျေနပ်မနေသင့်ဘဲ ဆတက်ထမ်းပိုး ကြိုးစားသွားကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပညာသင်ထောက်ပံ့ကြေးများကို အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များထံသို့ ပေးအပ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်သူတစ်ဦးကို ၁၆ ပဲရည်ရွှေတစ်ကျပ်သားဆွဲပြားကို လည်းကောင်း၊ ဒုတိယဝန်ကြီးက ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူတစ်ဦးကို ၁၆ ပဲရည် ရွှေ(၃)မတ်သား ရွှေဆွဲပြားကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များက ဂုဏ်ထူးဖြင့်အောင်မြင်သူများကို တစ်ဘာသာလျှင် (၁) သိန်းကျပ်နှုန်းဖြင့် လည်းကောင်း၊ သင်တန်းများတွင် ထူးချွန်ဆုရခဲ့သည့် ဝန်ထမ်းများကို ဆုများအသီးသီးချီးမြှင့်ပြီး ဆုရရှိသူ ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ယနေ့ ပညာရည်ထူးချွန်ဆု ချီးမြှင့်ခြင်းအခမ်းအနားတွင် ငွေကျပ် ၂၃၁၉၀၀၀၀ ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့အမွေ၊ ကမ္ဘာ့အမွေ ထိန်းသိမ်းရမယ့် အင်းလေးကန်ဇီဝအဝန်းနယ်မြေ

ကောင်းထက်

**လှေကို ခြေနှင့်လှော်သောကြောင့်၊ ခရီးကို လှေဖြင့်သွားသောကြောင့်၊ အိမ်ကို ရေတွင်ဆောက်သောကြောင့် ပြည်တွင်းပြည်ပ ခရီးသွားများ၏ စိတ်ဝင်တစား လည်ပတ်သော နေရာတစ်ခုအဖြစ် အင်းလေးကန်သည် ထင်ရှား၏။ ထိုသို့ ကန်နှင့်အတူ ရှင်သန်နေထိုင်သော အင်းသူအင်းသားတို့၏ လူမှုဘဝနှင့် ရိုးရာဓလေ့များသာမက ဇီဝမျိုးစုံ မျိုးကွဲများစွာကိုပါ အင်းလေးကန်ဝန်းကျင်ဒေသတွင် လေ့လာနိုင်သည်။**

ရှမ်းကုန်းပြင်မြင့်ရှိ တောင်မြောက်သွယ်တန်းနေသော တောင်တန်းနှစ်ခုကြားရှိ လွင်ပြင်ချိုင့်ဝှမ်းနေရာတွင် အင်းလေးကန်သည် တည်ရှိနေသည်။ မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်းမြင့်ပိုင်း သဘာဝရေချိုကန် ဖြစ်သည်။ အင်းလေးကန်ဝန်းကျင်တွင် သစ်တောဂေဟစနစ်၊ ရေဝေရေလဲဒေသနှင့် သဘာဝနယ်မြေအတွင်း သဘာဝရေထွက်စမ်းများ၊ ရေပူရေထွက်စမ်းများကို တွေ့ရှိနိုင်ပြီး ထိုဂေဟစနစ်ကို တည်မှီနေသည့် ကုန်းနေ၊ ရေနေ သားငှက်တိရစ္ဆာန် မျိုးစိတ်များစွာ တည်ရှိနေသည်။

ဝန်းကျင်ဂေဟစနစ် စုံလင်ပြီး ဇီဝမျိုးစုံမျိုးကွဲများစွာတည်ရှိနေသည့်အတွက် နိုင်ငံ၏ သဘာဝအမွေအနှစ်တစ်ခုအဖြစ် ရေရှည်ထိန်းသိမ်းသွားနိုင်ရန် အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် သတ်မှတ်၍ သစ်တောဦးစီးဌာနသည် သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာန အုပ်ချုပ်ရေးမှူးရုံးကို ဖွင့်လှစ်ကာ ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။




### ရေဝပ်ဒေသကြီး သုံးခုဖြင့် ဖွဲ့စည်းထား

အင်းလေးကန် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောနယ်မြေကို အင်းလေးကန်၊ စံကားအင်းနှင့် မိုးဖြဲဆည် ရေဝပ်ဒေသကြီး သုံးခုဖြင့် ဖွဲ့စည်းထားသည်။ အင်းလေးကန်ဘေးမဲ့တော နယ်မြေအတွင်းရှိ ရေဝပ်ဒေသဂေဟစနစ်ကို ထိန်းသိမ်းရန်၊ အင်းလေးကန်၏ ထူးခြားသော ဘူမိအသွင်အပြင်နှင့် ကုန်းမြင့်ရေကန်၏ သဘာဝအလှအပများကို ထိန်းသိမ်းကာကွယ်ရန်၊ ရေပျော်ငှက်များနှင့် ရေတိမ်ဒေသနေ တောရိုင်းတိရစ္ဆာန်များ၏ နေထိုင်ကျက်စားမျိုးပွားရာများကို ထိန်းသိမ်းရန်၊ လောပိတရေအားလျှပ်စစ်စက်ရုံအတွက် ရေအရင်းအမြစ်များ ထောက်ပံ့နိုင်ရန်၊ ပြည်သူများ အပန်းဖြေအနားယူနိုင်ရန်နှင့် သဘာဝဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးရန်စသည့် ရည်ရွယ်ချက်များဖြင့် အင်းလေးကန် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကို တည်ထောင်ထားခြင်းဖြစ်သည်။ ဘေးမဲ့တော၏ နယ်မြေအကျယ်အဝန်းမှာ ၂၀၆ ဒသမ ၀၇ စတုရန်းမိုင်ဖြစ်သည်။

### မြန်မာနိုင်ငံ၏ ပထမဆုံးသော ဇီဝအဝန်းနယ်မြေ

သဘာဝအရင်းအမြစ်များစွာ တည်ရှိနေသည့်အတွက် အင်းလေးကန်ကို အာဆီယံအမွေအနှစ် ဥယျာဉ်များထဲမှ တစ်ခုအဖြစ် ၂၀၀၃ ခုနှစ်တွင် သတ်မှတ်ခြင်း ခံရသည်။ မြန်မာနိုင်ငံ၏ ပထမဆုံးသော ဇီဝအဝန်းနယ်မြေအဖြစ် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO)၏ လူသားနှင့် ဇီဝအဝန်းနယ်မြေ အစီအစဉ် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကော်မတီက ၂၀၁၅ ခုနှစ်တွင် အတည်ပြု သတ်မှတ်ခဲ့သည်။ ထို့အတူ ၂၀၁၈ ခုနှစ်တွင် ရမ်ဆာရေဝပ်ဒေသအဖြစ်၊ ၂၀၂၀ ပြည့်နှစ်တွင် အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာ လမ်းကြောင်းအဖြစ် သတ်မှတ်ခြင်းခံရသည့် သဘာဝအမွေအနှစ်ဒေသတစ်ခု ဖြစ်လာသည်။

### ထိန်းသိမ်းရေးလုပ်ငန်းများ

ထိုကဲ့သို့ နိုင်ငံအတွက်သာမက ကမ္ဘာအတွက်ပါ ထိန်းသိမ်းသင့်သည့် ဝန်းကျင်ဒေသတစ်ခုဖြစ်သည့်အတွက် သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနသည် အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော သဘာဝနယ်မြေအတွင်း တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသပြန်လည်တည်ထောင်ခြင်း စီမံကိန်း (၂၀၁၉-၂၀၂၀ မှ ၂၀၂၈-၂၀၂၉ အထိ) ၁၀ နှစ်စီမံချက်၊ အင်းလေးကန် ရေဝေရေလဲဒေသ ထိန်းသိမ်းရေး ၁၀ နှစ်စီမံကိန်း (၂၀၂၀-၂၀၂၁ မှ ၂၀၃၀-၂၀၃၁ အထိ )တို့ကို ရေးဆွဲကာ ထိန်းသိမ်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့ ဌာနအနေနဲ့ အင်းလေးကန်အတွင်းမှာ ငှက်ကြည့်စင်စခန်း၊ ထိန်းသိမ်းရေးကင်းစခန်းနဲ့ အင်းလေးကန် ဇီဝအဝန်းနယ်မြေ လူထုပညာပေးပြခန်းကို ညောင်ရွှေမြို့အဝင်ရှိ ရွှေရန်ပြေမှာနဲ့ နန်းသဲကင်းစခန်းကို နန့်လက်ချောင်းနံဘေးရှိ နန့်သဲကျေးရွာမှာ ထားရှိပြီးတော့ ပညာပေးလုပ်ငန်းတွေနဲ့ ထိန်းသိမ်းရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်" ဟု သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာန အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

**❖ အင်းလေးကန်ကို အာဆီယံအမွေအနှစ် ဥယျာဉ်များထဲမှ တစ်ခုအဖြစ် ၂၀၀၃ ခုနှစ်တွင် သတ်မှတ်ခြင်းခံရသည်။ မြန်မာနိုင်ငံ၏ ပထမဆုံးသော ဇီဝအဝန်းနယ်မြေအဖြစ် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO)၏ လူသားနှင့် ဇီဝအဝန်းနယ်မြေအစီအစဉ် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကော်မတီက ၂၀၁၅ ခုနှစ်တွင် အတည်ပြု သတ်မှတ်ခဲ့သည်။ ထို့အတူ ၂၀၁၈ ခုနှစ်တွင် ရမ်ဆာရေဝပ် ဒေသအဖြစ်၊ ၂၀၂၀ ပြည့်နှစ်တွင် အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာ လမ်းကြောင်းအဖြစ် သတ်မှတ်ခြင်းခံရသည့် သဘာဝအမွေအနှစ်ဒေသတစ်ခု ဖြစ်လာသည်**

အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ သစ်တောဦးစီးဌာန ဝန်ထမ်းများသည် ကန်အတွင်းနှင့် ဆက်စပ်ဧရိယာများတွင် တရားမဝင်လုပ်ငန်းများ လျော့နည်းပပျောက်စေရန်နှင့် တိရစ္ဆာန်များ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း မရှိစေရန်၊ သတ်မှတ်ထားသည့် စည်းကမ်းများအား လိုက်နာစေရန် ကင်းလှည့်ထိန်းသိမ်းခြင်း၊ ပတ်ဝန်းကျင်ကျေးရွာရှိ ကျောင်းများနှင့် ဒေသခံပြည်သူများအား ထိန်းသိမ်းရေးနှင့် ကင်းလှည့်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာစေရန် ပညာပေးဟောပြောခြင်း၊ ဘေးမဲ့တောအတွင်း မျိုးစိတ်များတိုးပွားမှု၊ လျော့နည်းမှုနှင့် ပျံ့နှံ့ကျက်စားမှု စောင့်ကြည့်လေ့လာခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

*စာမျက်နှာ ၁၁ သို့*



အစုလိုက် ရေပျော်ငှက်များ။



ဥဒေါင်းငှက် (Green Peafowl)။

# စစ်ကိုင်းတိုင်းဒေသကြီး၌ ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး ဆောင်ရွက်လျက်ရှိ

မုံရွာ ဇူလိုင် ၈

**စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး လုပ်ငန်းကော်မတီ အစည်းအဝေးကို ဇူလိုင် ၈ ရက်က တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ပြုလုပ်သည်။**



အစည်းအဝေးတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဆွေးနွေးစဉ်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်က စစ်ကိုင်းတိုင်းဒေသကြီး အတွင်း အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်း ခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရန်နှင့် ယင်းတို့၏ ပတ်ဝန်းကျင်ရှိ မိဘများနှင့် ဆက်စပ်သူများအား အသိပညာပေးခြင်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန်လိုကြောင်း၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခဲ့သော လုပ်ငန်းရှင်များနှင့် အမြတ်ထုတ်သူများ အပေါ် ထိရောက်သော အရေးယူမှုများ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးသူငယ်များအတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပါ ဥပဒေစည်းမျဉ်း၊ စည်းကမ်း လုပ်ထုံးလုပ်နည်းများ၊ အသိပညာပေးခြင်းကို ကော်မတီဝင်များက စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန်လိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သန္တာထွေးက တိုင်းဒေသကြီးအတွင်း ရှိခရိုင်နှင့်မြို့နယ်များတွင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့်အညီ ကလေးသူငယ်အပေါ် အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ခြင်း၊ ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ကလေးသူငယ်များအကြောင်းတို့အပြင် ကလေးသူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခ အကြောင်း သိကောင်းစရာများ၊ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များရရှိရမည့် အခွင့်အရေးများ၊ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်နှင့် စပ်လျဉ်း၍ အဓိပ္ပာယ်ဖွင့်ဆိုချက် အကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသော တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်း ကဏ္ဍများအလိုက် ပူးပေါင်းဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ အစည်းအဝေး၏ ဆုံးဖြတ်ချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး အတွင်း အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး လုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြမည် ဖြစ်ကြောင်း သိရသည်။

ပြည်သူများအနေဖြင့် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများအား တွေ့ရှိပါက ဖြစ်ပျက်ခဲ့သော ဖြစ်စဉ်အကျဉ်း၊ ရပ်ကွက်/ ကျေးရွာ ထောက်ခံချက်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ထောက်ခံချက်၊ ကလေး၏ ဓာတ်ပုံ၊ အသက်အထောက်အထား၊ အမှုဖွင့်ထားသောစာ စသည့်အထောက်အထား ခိုင်လုံစွာဖြင့် စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၊ ဖုန်းနံပါတ် ၀၇၁-၂၀၂၆၂၇၁၊ ၀၇၁-၂၀၂၂၈၇၂ တို့အပြင် ခရိုင်/ မြို့နယ် လူမှုဝန်ထမ်းရုံးများနှင့် မူလတန်းကြိုကျောင်းများသို့ ဆက်သွယ်၍ သတင်းပေးပို့နိုင်ကြောင်း သိရသည်။

ကော်မတီအနေဖြင့်လည်း အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများအား ကျန်းမာရေးစရိတ်အဖြစ် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀၀ နှုန်းနှင့် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများအား ပြန်လည် ထူထောင်ရေးစရိတ်အဖြစ် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးလျက်ရှိကြောင်း တာဝန်ရှိသူ၏ ပြောကြားချက်အရ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---

*စာမျက်နှာ ၁၀ မှ*

### တောရိုင်း တည်ထောင်ခြင်း

ထို့အတူ ကန်ပတ်ဝန်းကျင်တွင် ပေါက်ရောက်နေသော အပင်စာရင်းကောက်ယူခြင်း၊ ငါးမျိုးစိတ်စာရင်းကောက်ယူခြင်း၊ ရေအတိမ်အနက်နှင့် အရည်အသွေးတိုင်းတာခြင်းစသည့် တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသ ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများကို နှစ်အလိုက် လုပ်ငန်းလျာထားချက်များ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စဉ်ဆက်မပြတ် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ရေမဲ(မိုးမခ)၊ သပြေ၊ ရေထိန်၊ ညောင်၊ ကံတက်၊ ပေါက်၊ ကသစ်၊ စစ်၊ ရေသင်းဝင်၊ လက်ပံ၊ ဒီးဒူး၊ မအူ၊ ဘိုင်၊ ကတွတ်၊ သဖန်း၊ သဘာလဲ စသည့် သစ်မျိုး ၁၀၈ မျိုး၊ ဝါးမျိုး ၁၁ မျိုး၊ ဆေးဘက်ဝင်အပင် ၅၂၇ မျိုး၊ ရေမှော် ၁၂ မျိုးနှင့် သစ်ခွမျိုးစိတ် ၁၈၄ မျိုး ရှင်သန်ပေါက်ရောက်လျက်ရှိကြောင်း သစ်တောဦးစီးဌာန၏ သုတေသနပြု စာရင်းများအရ သိရသည်။

“အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း နို့တိုက်သတ္တဝါမျိုးစိတ် ၂၆မျိုး၊ သစ်တောငှက် ၂၆၅ မျိုး၊ ရေပျော်ငှက် ၉၅ မျိုး၊ ကုန်းနေရေနေမျိုးစိတ် ၂၆ မျိုး၊ လိပ်ပြာမျိုးစိတ် ၉၄ မျိုး၊ ခရုမျိုးစိတ် ၁၂ မျိုး၊ ငါးမျိုးစိတ် ၆၀ နှင့် လိပ်မျိုးစိတ် သုံးမျိုးကို သုတေသနပြု မှတ်တမ်းတင်နိုင်ခဲ့တယ်” ဟု အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

သစ်တောဦးစီးဌာနအနေဖြင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အင်းလေးကန်နှင့် ဆက်စပ်ရေဝပ်ဒေသများ၊ ၎င်းတို့အတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများ၊ ရေဝပ်ဒေသ ဂေဟစနစ်များ ရေရှည်တည်တံ့စေရေး ထိန်းသိမ်းရန်၊ အင်းလေးကန်၏ ရေဝေရေလဲဒေသများရှိ ရှင်သန်ကျက်စားသော ဇီဝမျိုးစုံမျိုးကွဲများနှင့် သစ်တောဂေဟစနစ်များကို ထိန်းသိမ်းရန်၊ သစ်တောနှင့် ရေဝပ်ဒေသများကို ထိန်းသိမ်းခြင်း၊ အကျိုးရှိစွာ အသုံးပြုခြင်းနှင့် ပြန်လည် တည်ထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ရာသီဥတုပြောင်းလဲမှု လျော့ပါးလာစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။



အင်းလေးကန်အတွင်း ဘက်ထရီ ရှော့ခ်တိုက်ငါးဖမ်းမှု မရှိစေရေး စစ်ဆေးခြင်း။

“ကျွန်တော်တို့ ဌာနအနေနဲ့ ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါ လူသားနဲ့ ဇီဝအဝန်းနယ်ဆိုတာကို အခြေပြု ဆောင်ရွက်ရတယ်။ အင်းလေးဒေသမှာ ထိန်းသိမ်းရမယ့် ရိုးရာဓလေ့နဲ့ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းရှိတဲ့ ဇီဝအဝန်းနယ်မြေ ဖြစ်တယ်။ ဒါကြောင့် ရိုးရာဓလေ့ တည်ရှိနေဖို့၊ ဒေသခံတွေအတွက် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ လုပ်ဆောင်တာတွေကို ဇီဝဝန်းကျင်ထိန်းသိမ်းရေးနဲ့ ချိန်ညှိဆောင်ရွက်ရတယ်။ ဒီလို ဆက်စပ် တည်ရှိနေတာကို ဒေသခံတွေ နားလည်ပြီး ထိန်းသိမ်းရေးလုပ်ငန်းမှာ ပါဝင်ဖို့ ကြိုးပမ်းဖော်ဆောင်ရပါတယ်” ဟု အင်းလေးကန် ဘေးမဲ့တော အုပ်ချုပ်ရေးမှူးက ဆိုသည်။

ကျေးရွာလူမှုရေး အသင်းအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ရန်၊ ရေလုပ်သားအဖွဲ့က အင်းလေးကန် ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရန်၊ ပြည်တွင်း၊ ပြည်ပဧည့်သည်များ သဘာဝဂေဟစနစ်များကို လေ့လာ၍ အပန်းဖြေအနားယူနိုင်ရန်၊ ဒေသခံများ၏ လူနေမှုဘဝများကို လေ့လာနိုင်ရန် အတွက်ပါ သစ်တောဦးစီးဌာနအနေဖြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

### ရေဝေရေလဲဒေသ ထိန်းသိမ်းရေးစီမံကိန်း

“မြစ်ချောင်းအင်းအိုင်နဲ့ ရေဝေရေလဲဒေသဆိုတာ ဆက်စပ်နေတယ်။ အင်းလေးကန် ဂေဟစနစ် ထိန်းသိမ်းနိုင်ဖို့အတွက် ရေဝေရေလဲဒေသကို ထိန်းသိမ်းကာကွယ်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဌာနအနေနဲ့ အင်းလေးကန် ရေဝေရေလဲဒေသ ထိန်းသိမ်းရေးစီမံကိန်းကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်” ဟု တောင်ကြီးခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးက ပြောသည်။

သစ်တောဦးစီးဌာနအနေဖြင့် အင်းလေးကန် ရေဝေရေလဲ ထိန်းသိမ်းရေးစီမံကိန်းကို ၂၀၂၀ ပြည့်နှစ်မှ စတင်ကာ ၁၀ နှစ်ကာလ သတ်မှတ်၍ စီမံကိန်းဧရိယာ ဇုန်လေးခု သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ ညောင်ရွှေမြို့နယ်ကို ဇုန် (၁)အဖြစ်လည်းကောင်း၊ ကလောမြို့နယ်၊ ပင်လောင်းမြို့နယ်နှင့် ဖယ်ခုံမြို့နယ်တို့ကို ဇုန်(၂) အဖြစ်လည်းကောင်း၊ ရွာငံမြို့နယ်၊ ပင်းတယမြို့နယ်နှင့် ရပ်စောက်မြို့နယ်တို့ကို ဇုန်(၃) အဖြစ်လည်းကောင်း၊ တောင်ကြီးမြို့နယ်၊ ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့ကို ဇုန်(၄) အဖြစ်လည်းကောင်း သတ်မှတ်ထားသည်။

အင်းလေးကန်ရေဝေရေလဲဒေသများ ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် သစ်တောဦးစီးဌာနအနေဖြင့် ရေဝေရေလဲဂေဟစနစ်များ ရေရှည်တည်တံ့စေခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ ရေနှင့်မြေဆီလွှာကာကွယ်ထိန်းသိမ်းခြင်း၊ တိုးချဲ့ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သားငှက်တိရစ္ဆာန်များ ကာကွယ်ထိန်းသိမ်းခြင်း၊ သုတေသနပြုလုပ်ခြင်းစသည့် အဓိကလုပ်ငန်းကြီး ခြောက်မျိုးကို လုပ်ဆောင်နေသည်။

ထို့အတူ အင်းလေးကန် ပတ်ဝန်းကျင်ရှိ ဒေသခံများအား စနစ်ကျသော အမှိုက်စွန့်ပစ်မှု၊ အညစ်အကြေး စွန့်ပစ်မှုစနစ် (မိလ္လာစနစ်)များ ဖြစ်လာရေး၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းစတင် အကောင်အထည်ဖော်ဆောင်နိုင်ရေး၊ အင်းလေးကန် သဘာဝလယ်ယာသီးနှံ စိုက်ပျိုးရေးလုပ်ငန်းများ ဖော်ဆောင်နိုင်ရေး၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ ဖွံ့ဖြိုးလာစေရေး၊ ရေလုပ်သားများအတွက် စဉ်ဆက်မပြတ် ငါးသယံဇာတများ ထုတ်ယူသုံးစွဲနိုင်ရေးစသည့် လုပ်ငန်းများကို ဆက်စပ်ဌာနများနှင့် သစ်တောဦးစီးဌာန ပူးပေါင်း၍ ဒေသခံများနှင့်အတူ အကောင်အထည်ဖော်လျက်ရှိသည်။

အင်းလေးကန်သည် နိုင်ငံအတွက်သာမက ကမ္ဘာအတွက်ပါ ထိန်းသိမ်းသင့်သည့် ဇီဝဝန်းကျင်ဆိုင်ရာ အမွေအနှစ်အဖြစ်ပါ တည်ရှိနေသည့်အတွက် သစ်တောဦးစီးဌာနအနေဖြင့် ဘေးမဲ့တော ထိန်းသိမ်းရေးလုပ်ငန်းများကို တစ်ဖက်မှ ဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ဖက်မှလည်း ဒေသခံများအနေဖြင့် ဂေဟစနစ်ကို မှီတည်ပြီး အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများကို ရေရှည်အကျိုးရှိစွာ အသုံးပြုတတ်စေရန်နှင့် ထိန်းသိမ်းရေးအသိပညာမြင့်မားလာစေရန် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ သို့ဖြစ်၍ မြန်မာ့အမွေ၊ ကမ္ဘာ့အမွေအဖြစ် တည်ရှိနေသည့် အင်းလေးကန် ဝန်းကျင်ဒေသ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းရေး အသိပညာများဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း တင်ပြရေးသား လိုက်ရပါသည်။ ။

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ကဏ္ဍသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်

## လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးရောင်းချမှုစနစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးစားကြရမည်

နေပြည်တော် ဇူလိုင် ၈

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဓာတ်အားခွဲရုံများတည်ဆောက်/ မောင်းနှင်/ ထိန်းသိမ်းပြုပြင်ခြင်း သင်တန်းအမှတ်စဉ်(၃)နှင့် အင်ဂျင်နီယာများစီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ် (၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နေပြည်တော် ဗဟိုသင်တန်းကျောင်း၌ ကိုဗစ်-၁၉ ကာကွယ်ရေးနည်းစနစ်များနှင့်အညီ ကျင်းပသည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က သင်တန်းသားများအနေဖြင့် အင်ဂျင်နီယာဆိုင်ရာ စာပေပညာရပ်များကို တတ်ကျွမ်းနားလည်စေရန် အမြဲလေ့လာကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ အသိဉာဏ်ပညာ၊ ဆင်ခြင်တုံတရားမြင့်မားလာပြီး အင်ဂျင်နီယာပညာ အမှန်တကယ် တတ်ကျွမ်းသည့် ဝန်ထမ်းများ ပေါ်ထွက်လာစေရန်အတွက် သင်တန်းများ ပို့ချပေးရခြင်းဖြစ်ပါကြောင်း၊ ဝန်ထမ်းစီမံခန့်ခွဲရေး၊ စာရင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်တတ်စေရန်နှင့် AMI စနစ်ကို Energy Meter, Server , Data Base နှင့် ဆက်သွယ်ရေးနည်းပညာပေါင်းစပ်ပြီး ခေတ်မီသည့် မီတာဖတ်ရှုမှုစနစ်၊ ဓာတ်အား ကွပ်ကဲ / ထိန်းသိမ်း / မောင်းနှင်စနစ်တို့ဖြင့် မိမိတို့ဝန်ကြီးဌာန ဖွံ့ဖြိုးတိုးတက်စေရေး၊ လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ရရှိရေး၊ Losses ကျဆင်းရေး၊ ဓာတ်အားဖြန့်ဖြူးသည့် Voltage တည်ငြိမ်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ကဏ္ဍသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်ကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးရောင်းချမှုစနစ် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် သင်တန်းသားများအနေဖြင့် အကောင်းဆုံးဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။




ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က ဓာတ်အားခွဲရုံများ တည်ဆောက်/ မောင်းနှင်/ ထိန်းသိမ်းပြုပြင်ခြင်း သင်တန်းအမှတ်စဉ် (၃) တွင် ထူးချွန်ဆုရရှိသူများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက အင်ဂျင်နီယာများစီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၃)တွင် ထူးချွန်ဆုရရှိသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများထံ ပေးအပ်ကာ သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြောင်း သိရသည်။ **သတင်းစဉ်**

# အာဆီယံဒေသတွင်း မိုင်းကြောင့်ထိခိုက်ဒဏ်ရာရသူများ ထောက်ပံ့ရေး ကွန်ရက်တည်ထောင်ခြင်းဆိုင်ရာ အမျိုးသားအဆင့် ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇူလိုင် ၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် အာဆီယံဒေသတွင်း မိုင်းရှင်းလင်းရေး ဗဟိုဌာန (ARMAC) တို့ ပူးပေါင်း၍ အာဆီယံဒေသတွင်း မိုင်းကြောင့်ထိခိုက်ဒဏ်ရာရသူများ ထောက်ပံ့ရေးကွန်ရက် တည်ထောင်ခြင်းဆိုင်ရာ အမျိုးသားအဆင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ Hybrid ပုံစံဖြင့် ကျင်းပသည်။




အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ ယနေ့အထိ မိုင်းထိပြည်သူတစ်ဦးလျှင် နှစ်သိန်းနှုန်းဖြင့် ၆၉၂ ဦးအတွက် မိုင်းထောက်ပံ့ကြေး စုစုပေါင်းငွေကျပ် ၁၃၈၄၀၀၀၀၀ တိတိကို ထောက်ပံ့ပေးခဲ့ပြီး ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် Anti-Personnel Mine Ban Convention (APMBC) အဖွဲ့ဝင်နိုင်ငံမဟုတ်သော်လည်း မိုင်းအန္တရာယ်ဆိုင်ရာ လုပ်ငန်းစဉ်တို့ကို ဆောင်ရွက်လျက် ရှိပါကြောင်း၊ မိုင်းအန္တရာယ်ဆိုင်ရာ လုပ်ငန်းစဉ်တို့ကို ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် ဆက်စပ်ပြီး စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သော်လည်း မိုင်းအန္တရာယ်ဆိုင်ရာ လုပ်ငန်းစဉ်များသည် အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ချိတ်ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ASEAN Regional Mine Action Center (ARMAC) မှ Executive Director ဖြစ်သူ Mr. Prum Suonpraseth တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

အစည်းအဝေးသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများ၊ မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ၊ အာဆီယံဒေသတွင်း မိုင်းရှင်းလင်းရေးဗဟိုဌာန (ARMAC) မှ တာဝန်ရှိသူများ၊ မိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူများတက်ရောက်ကြပြီး နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက Online ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေး ဒုတိယပိုင်းတွင် ပြန်လည်ထူထောင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးက ဦးဆောင်၍ Panel Discussion အဖြစ် မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူများကို ကူညီထောက်ပံ့ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အလေ့အထကောင်းများ၊ အခက်အခဲများနှင့် စပ်လျဉ်း၍ သတင်းအချက်အလက် စီမံခန့်ခွဲခြင်း/ကောက်ယူခြင်း၊ ဆေးပညာအရ အထူးပြုစုစောင့်ရှောက်ခြင်းနှင့် လက်ရှိစောင့်ရှောက်မှု၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ခြင်း၊ စိတ်လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးမှုပေးခြင်း၊ လူမှု- စီးပွား ပေါင်းစည်းဆောင်ရွက်ခြင်း/ ပညာရေး၊ ဥပဒေနှင့် မူဝါဒများ ခေါင်းစဉ်တို့ကို တင်ပြဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးနှင့် ARMAC အမှုဆောင် ညွှန်ကြားရေးမှူးတို့က ညှိနှိုင်းအစည်းအဝေးအနှစ်ချုပ်နှင့် ရှေ့လုပ်ငန်းစဉ်တို့ကို ဆွေးနွေးအတည်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မိုင်းလား၊ ဆီလူး၊ နမ့်ပန်းဒေသများရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

နေပြည်တော် ဇူလိုင် ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလား၊ ဆီလူး၊ နမ့်ပန်းဒေသများရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ခြင်းကို ယမန်နေ့နံနက်ပိုင်းက အဆိုပါဒေသများရှိ ခန်းမအသီးသီး၌ ပြုလုပ်ရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒေသခံတိုင်းရင်းသားပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ အသီးသီးပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၈

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။ **မိုး/ဇလ**

# ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး မဲဆွယ်စည်းရုံးပွဲတစ်ခုအတွင်း သေနတ်ပစ်ခတ်ခံရပြီး သေဆုံး

**တိုကျို ဇူလိုင် ၈**

ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးသည် ဂျပန်နိုင်ငံ အနောက်ပိုင်း နာရာမြို့၌ ဇူလိုင် ၈ ရက် နံနက်ပိုင်းက မဲဆွယ်စည်းရုံးပွဲတစ်ခုအတွင်း ပစ်ခတ်ခံရပြီးနောက် ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားခဲ့ကြောင်း သိရသည်။



ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး။

မကြာသေးမီက ဆေးကုသပေးသည့် ဆရာဝန်များက ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး သေဆုံးသည့်အကြောင်းကို ပြောကြားခဲ့သည်။ ၎င်းကို ကယ်တင်ရန် ကြိုးစားခဲ့သော်လည်း ကံမကောင်းစွာဖြင့် ညနေ ၅ နာရီ ၀၃ မိနစ်တွင် သေဆုံးသွားခဲ့ကြောင်း နာရာဆေးတက္ကသိုလ်မှ ဆရာဝန်ဖြစ်သူ ဖူကူရှီမာ ဟီတဲဒါတာ က ပြောကြားသည်။

မွန်းတည့်ချိန်မတိုင်မီ ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး မြေပေါ်သို့ မလဲကျမီ သေနတ်ပစ်ခတ်သံ နှစ်ချက်ကြားခဲ့ကြောင်း မဲဆွယ်စည်းရုံးပွဲတွင် သတင်းရယူနေသည့် အင်န်အိတ်ချ်ကေ သတင်းထောက်တစ်ဦးက ပြောကြားသည်။

အနီးရှိ လက်နက်ကိုလည်း ရဲတပ်ဖွဲ့က ဖော်ထုတ်ရယူနိုင်ခဲ့သည်။ အဆိုပါ သေနတ်မှာ လက်လုပ်သေနတ်ဖြစ်သည်ဟု ယူဆရကြောင်း အင်န်အိတ်ချ်ကေသတင်းရင်းမြစ်များအရ သိရသည်။

ဂျပန် ဝန်ကြီးချုပ်ဟောင်း အာဘေးသည် ယခု သီတင်းပတ်တွင် အထက်လွှတ်တော် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ ကိုယ်စားလှယ်လောင်းများကို ထောက်ခံအားပေးရင်း နိုင်ငံအနှံ့ ခရီးလှည့်လည်ခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ နာရာမြို့၌ နေထိုင်သည့် သံသယရှိသူ အသက် ၄၁ နှစ်အရွယ် ယာမာဂါမီ တက်ဆုယာကို ဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အာဘေးကို မလိုမုန်းတီးခြင်းကြောင့် ပစ်သတ်ခြင်းဖြစ်သည်ဟု သံသယရှိသူက စုံစမ်းစစ်ဆေးရေးမှူးများကို ပြောကြားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ သံသယရှိသူ၏ နေအိမ်၌ ညနေ ၅ နာရီကျော်ခန့်တွင် ပေါက်ကွဲတတ်သောပစ္စည်းတစ်ခုဟု ယူဆရသည်ကို တွေ့ရှိခဲ့ကြောင်း၊ ထို့နောက် အိမ်ထဲတွင် အခြားသံသယရှိဖွယ် ဖောက်ခွဲရေးပစ္စည်းများကို တွေ့ရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ သံသယရှိသူမှာ ပင်လယ်ရေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင်ဟောင်း တစ်ဦးဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



# ဗြိတိန်အစိုးရနှင့် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ပြော

**ဝါရှင်တန် ဇူလိုင် ၈**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ဗြိတိန်အစိုးရနှင့် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင် ရာထူးမှ နုတ်ထွက်မည်ဟု ကြေညာချက်ထုတ်ပြန်ပြီးနောက် ဂျိုးဘိုင်ဒင်က ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် အရင်းနှီးဆုံးသော မိတ်ဆွေများဖြစ်ကြောင်းနှင့် မိတ်ဖက်နိုင်ငံများဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံ လူမျိုးများကြား အထူးတလည်တည်ရှိနေသော ဆက်ဆံရေးကို ပိုမိုခိုင်မာအခွန့်ရှည်အောင် ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဘိုင်ဒင်က ပြောသည်။

အမေရိကန်ပြည်ထောင်စုသည် အရေးကြီးသော ထိပ်တန်းကိစ္စရပ်များတွင် ဗြိတိန်နှင့် ကမ္ဘာတစ်ဝန်းရှိ မဟာမိတ်နိုင်ငံများနှင့် ဆက်လက် လက်တွဲလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဘိုင်ဒင်က ပြောသည်။

**ဆင်ဟွာ**





ဖိလစ်ပိုင်သမ္မတ ဖာဒီနန် ရိုမောဒက်ဇ်မားကို့စ်။

# ဖိလစ်ပိုင်သမ္မတ မားကို့စ် ကိုဗစ် - ၁၉ ရောဂါ ကူးစက်ခံရ

**မနီလာ ဇူလိုင် ၈**

ဖိလစ်ပိုင်သမ္မတ ဖာဒီနန် ရိုမောဒက်ဇ်မားကို့စ်သည် ကိုဗစ်–၁၉ ကူးစက်ခံရသည်ဟု စစ်ဆေးတွေ့ရှိကြောင်း သမ္မတဆက်သွယ်ပြန်ကြားရေးအကြီးအကဲ ရို့ဘီထရစ်ခရုဇ် အင်ဂျီလက်စ်က ဇူလိုင် ၈ ရက်တွင် ပြောကြားသည်။

ဖိလစ်ပိုင်သမ္မတ မားကို့စ်သည် အန်တီဂျင် စစ်ဆေးမှုတစ်ခုတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရကြောင်း စစ်ဆေးတွေ့ရှိခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ခု၌ အင်ဂျလက်စ်က ပြောကြားသည်။ ဖိလစ်ပိုင်သမ္မတနှင့် အနီးကပ်အဆက်အသွယ်ရှိသူများကို လက်ရှိတွင် ကိုဗစ် – ၁၉ လက္ခဏာများကို သတိပြုရန် အင်ဂျလက်စ်က ပြောကြားသည်။

မားကို့စ်သည် ၂၀၂၀ ပြည့်နှစ် မတ်လကလည်း ကိုဗစ်–၁၉ ကူးစက်ခံရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

**ဆင်ဟွာ**

# သီရိလင်္ကာနိုင်ငံ၌ သမ္မတနှင့် အစိုးရအဖွဲ့ ဆင်းပေးရန် တောင်းဆို

**ကိုလံဘို ဇူလိုင် ၈**

သီရိလင်္ကာနိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သော ကိုလံဘိုတွင် ဇူလိုင် ၇ ရက်က ဘာသာရေးယုံကြည်သက်ဝင်သူများက သမ္မတ ဂိုတာဘာယာ ရာဂျာပက်ဆာနှင့် ၎င်း၏အစိုးရကို ဆင်းပေးရန် ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ကြသည်။

၎င်းတို့သည် သမ္မတနေထိုင်ရာ ကိုလံဘိုသို့ ချီတက်ပြီး သမ္မတနှင့် ၎င်း၏အစိုးရအဖွဲ့ ဆင်းပေးသည့်အချိန်အထိ ဆက်လက်ဆန္ဒပြသွားမည်ဖြစ်ကြောင်း ကတိပေးပြောကြားခဲ့သည်။

နိုင်ငံ့သမိုင်းတွင် အဆိုးဆုံး စီးပွားရေးအကျပ်အတည်းဖြစ်စေခဲ့သည်ဆိုကာ သမ္မတ ရာဂျာပက်ဆာကို ပြစ်တင်ခဲ့ကြသည်။

လူဦးရေ ၂၂ သန်းကျော် နေထိုင်သော သီရိလင်္ကာနိုင်ငံတွင် လောင်စာဆီ၊ ရေနံဆီ၊ ချက်ပြုတ်ရာတွင်အသုံးပြုသည့် ဂက်စ်ကဲ့သို့သော အခြေခံလိုအပ်ချက် ပြတ်တောက်မှုများကို ဆိုးရွားစွာခံစားရလျက်ရှိသည်။

ဇွန်လတွင် နိုင်ငံ၌ ငွေကြေးဖောင်းပွမှုနှုန်းသည် ၅၅ ရာခိုင်နှုန်းနီးနီး မှတ်တမ်းတင်ရလောက်သည်အထိ မြင့်တက်ခဲ့သည်။

ထို့အတူ စားနပ်ရိက္ခာပြတ်တောက်မှုသည်လည်း အဆိုးဆုံးဖြစ်လာခဲ့သည်။ တင်သွင်းကုန်များကန့်သတ်ချက်များရှိခြင်းနှင့် နိုင်ငံခြားငွေလဲလှယ်မှုများ ပြတ်တောက်ခဲ့သောကြောင့် ကုန်ဈေးနှုန်းများလည်း မြင့်တက်လာခဲ့သည်။

အစိုးရသည် အဆိုပါကိစ္စရပ်များကို ဖြေရှင်းရန် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း သိရသည်။ သို့သော်လည်း ဆွေးနွေးမှုများသည် နှေးကွေးလျက်ရှိသည်။ ပြည်သူများဒုက္ခဆင်းရဲ ပိုမိုခံစားလာရသည့်အတွက် ယင်းက သမ္မတအပေါ် ဖိအားများ ပိုမိုဖြစ်ပေါ်စေခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ပါကစ္စတန်နိုင်ငံ၌ သုံးပတ်ကျော်ကာလအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ၉၇ ဦး သေဆုံး၊ ၁၀၁ ဦး ဒဏ်ရာရရှိ

**အစ္စလာမ္မာဘတ် ဇူလိုင် ၈**

ပါကစ္စတန်နိုင်ငံတစ်ဝန်း လွန်ခဲ့သော ရက်သတ္တသုံးပတ်ကျော်အတွင်း မိုးရွာမှုနှင့် ဆက်စပ်သည့် မတော်တဆမှုများကြောင့် ၉၇ ဦးသေဆုံးပြီး ၁၀၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံ၏ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင် (NDMA) က ဇူလိုင် ၇ ရက်တွင် ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလိုချီစတန်ပြည်နယ်သည် တနင်္လာနေ့မှ စတင်သည့် မုတ်သုံမိုးရွာသွန်းမှုကြောင့် သေဆုံးသူ ၄၉ ဦးရှိပြီး ဒဏ်ရာရရှိသူ ၄၈ ဦး ရှိသည့် အဆိုးရွားဆုံးထိခိုက်မှုနှင့် ကြုံတွေ့ခဲ့ရသည်ဟု နိုင်ငံ၏အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်မှ ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

မိုးလေဝသ အကြံပေးချက်တစ်ခုတွင် လက်ရှိမိုးရွာသွန်းမှုသည် ကြာသပတေးနေ့တွင် ကုန်ဆုံးမည်ဟု မျှော်လင့်ရပြီး ယင်းနောက် နိုင်ငံအများစုတွင် ရာသီဥတုခြောက်သွေ့ပြီး ပူပြင်းနေမည်ဟု မျှော်လင့်မိကြောင်း NDMA က ပြောကြားသည်။

**ဆင်ဟွာ**

# နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးတွင် စာပေ၊ ယဉ်ကျေးမှု၊ အားကစားသည် မရှိမဖြစ် ကဏ္ဍကြီး(၃)ခုဖြစ် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်မှ အားကစားအဆင့်အတန်း တိုးတက်ကောင်းမွန်လာမည်

**နေပြည်တော် ဇူလိုင် ၈**

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများတွင် ဆုရရှိကြသည့်အားကစားသမားများအား နေပြည်တော်ကောင်စီမှ ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။




ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် က ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ နိုင်ငံ့ကိုယ်စားပြု ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်ကြရာ ဗိုဗီနမ် လေးယောက်တွဲ အပြပြိုင်ပွဲ အားကစားနည်းတွင် ရွှေတံဆိပ်ဆု၊ ပြေးခုန်ပစ်အားကစားနည်းတွင် ငွေတံဆိပ်ဆုရရှိခဲ့ကြသည့် အားကစားသမားများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများတွင် ဆုများရရှိခဲ့ကြသည့် နေပြည်တော်ကိုယ်စားပြု အားကစားသမားများကို နေပြည်တော်ကောင်စီမှ ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ပါကြောင်း၊ မိမိနိုင်ငံအတွက် ကြိုးစားခဲ့ကြသည့် အားကစားသမားများ အားလုံးကို နေပြည်တော်ကောင်စီက အသိမှတ်အပြု ဂုဏ်ယူပါကြောင်း၊ ယခုအခါ နိုင်ငံတော်အနေဖြင့် အားကစားသမားများ၏ ဘဝနောင်ရေးအတွက် နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်ကစားခဲ့ကြသည့် အသက် (၆၀)အထက် အားကစားသမားများကို လစဉ်ထောက်ပံ့ချီးမြှင့်ငွေ ပေးအပ်လျက်ရှိသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးတွင် စာပေ၊ ယဉ်ကျေးမှု၊ အားကစားဆိုသည်မှာ မရှိမဖြစ် ပါဝင်နေသည့် ကဏ္ဍကြီး(၃)ခု ဖြစ်ပါကြောင်း၊တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှ အားကစားအဆင့်အတန်း တိုးတက်ကောင်းမွန်လာမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ဗိုဗီနမ် လေးယောက်တွဲ အပြပြိုင်ပွဲတွင် ပထမရွှေတံဆိပ်ဆုရရှိခဲ့သည့် မောင်ဇင်လင်းထွန်းကို ဂုဏ်ပြုချီးမြှင့် ငွေကျပ်ငါးသိန်းနှင့် ဂုဏ်ပြုမှတ်တမ်း လွှာကို လည်းကောင်း၊ ပြေးခုန်ပစ် မီတာ ၁၀၀၀၀ ပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ်ဆုရရှိခဲ့သည့် မခင်မာဆယ်ကို ဂုဏ်ပြုချီးမြှင့်ငွေကျပ် သုံးသိန်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို လည်းကောင်း ဂုဏ်ပြုချီးမြှင့် ပေးအပ်သည်။ (ဝဲပုံ)

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများတွင် အလေးမပြိုင်ပွဲ၊ တိုက်ကွမ်ဒိုပြိုင်ပွဲ၊ လက်ဝှေ့ပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီးရိုးရာခြင်းလုံးပြိုင်ပွဲများ၌ ဆုများရရှိကြသည့် နေပြည်တော် ကိုယ်စားပြု အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အားကစားသမားများကိုယ်စား ဗိုဗီနမ်လေးယောက်တွဲ အပြပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မောင်ဇင်လင်းထွန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက်အားကစားသမားများက တိုက်ကွမ်ဒိုအားကစားနည်းဖြင့်လည်းကောင်း၊ Physical Fitness Dance သရုပ်ဖော် အကများဖြင့်လည်းကောင်း သရုပ်ပြသဖျော်ဖြေကြရာ နေပြည်တော်ကောင်စီအဖွဲ့ဝင်များက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနား အပြီးတွင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ က အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လယ်ဝေးမြို့နယ် ချောင်းမငယ် ဆည်ရေပေးဝေမှု တိုးတက်ခေတ်မီရေး ရှေ့ပြေးစီမံကိန်း ဆောင်ရွက်

**လယ်ဝေး ဇူလိုင် ၈**

နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် ဇူလိုင် ၄ ရက်က လယ်ဝေးမြို့နယ် ဗောဓိကုန်းကျေးရွာအနီးရှိ ချောင်းမငယ်ဆည်ရေသောက်စနစ်အတွင်း ဆည်ရေပေးဝေမှုတိုးတက်ခေတ်မီရေးရှေ့ပြေးစီမံကိန်းဆောင်ရွက်မည့် အခြေခံလုပ်ငန်းစဉ်များကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၅)မှ လက်ထောက်ညွှန်ကြားရေးမှူး(၂) ဦးကျော်ထိုက်က ချောင်းမငယ်ဆည်ရေသောက်စနစ်အတွင်း ရှေ့ပြေးစီမံကိန်း ဆောင်ရွက်ခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ၊ ရှေ့ပြေးစီမံကိန်းကို လက်တံမြောင်း(၁၁)၊ စနစ်ကျလယ်ယာမြေ ၁၂၁ ဧကတွင် စတင်ပြီး နွေစပါးနှင့် အခြားသီးနှံများ တိုးချဲ့စိုက်ပျိုးလာနိုင်မည့် ဧရိယာများ၊ စီမံကိန်းတွင် သုတေသနပြုလုပ်ရန် တပ်ဆင်ထားသည့် တိုင်းတာရေး ပစ္စည်းများ၊ ရေနှင့် မြေနမူနာများယူခြင်း စသည်တို့ကို ရှင်းလင်းတင်ပြသည်။

**ဒေသခံတောင်သူများ အကျိုးဖြစ်ထွန်း**

နေပြည်တော်ကောင်စီအဖွဲ့ဝင်က ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဆည်ရေများ လေလွင့်ဆုံးရှုံးမှုနည်းပါးကာ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်ခြင်း၊ စိုက်ပျိုးမြေဧရိယာများ ထပ်မံတိုးတက်လာနိုင်ခြင်း၊ မိုးရေချိန်၊ ရေငွေ့ပြန်နှုန်းနှင့် မြေဆီလွှာပျက်စီးဆုံးရှုံးမှုကို စဉ်ဆက်မပြတ်သိရှိလာနိုင်ခြင်းနှင့် ရေစီမံခန့်ခွဲမှုကို မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်မည်ဖြစ်၍ ဒေသခံတောင်သူများအနေဖြင့် အကျိုးများစွာ ဖြစ်ထွန်းလာမည့် စီမံကိန်းဖြစ်ကြောင်း၊ နေကြာ၊ ဈေးကွက်ရရှိသည့် ပြောင်းနှင့် အစေ့ထုတ်နှံစားပြောင်းများကို နွေရာသီတွင် သီးထပ်တိုးချဲ့စိုက်ပျိုးရန်နှင့် လိုအပ်သော မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေးနှင့် သွင်းအားစုများရရှိရေးတို့အတွက် ယခုအချိန်မှစ၍ ဆောင်ရွက် မည့် အစီအမံများကို ပြန်လည်တင်ပြရန် မှာကြားခဲ့သည်။

ဆက်လက်၍ ဒက္ခိဏခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးထိန်လင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆောင်နှင့် အဖွဲ့ဝင် ဦးဝင်းအောင်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**ဆည်ရေပေးဝေ**

အဆိုပါ စီမံကိန်းသည် လယ်ဝေးမြို့နယ်အတွင်းရှိ ချောင်းမငယ်ဆည်ရေသောက်ဧရိယာတွင် ပါဝင်သည့် လက်တံမြောင်း(၁၁)၏ မြောင်းဖျားရေသောက် ဧရိယာဖြစ်သည်။ ချောင်းမငယ် ဆည်ရေသောက်စနစ်တွင် တူးမြောင်းမကြီးအလျား ၁၉ မိုင်၊ လက်တံမြောင်းများအလျား ၂၉ မိုင် ရှည်လျားပြီး စိုက်ဧက ၇၂၁၉ ဧကသို့ ဆည်ရေပေးဝေလျက်ရှိကြောင်း သိရသည်။



ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဇူလိုင် ၈**

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ်တို့ ပူးပေါင်းကာ ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်း ပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း (C) ရုံ၌ ကျင်းပလျက်ရှိရာ ယနေ့နံနက် ၈ နာရီမှ စတင်၍ နှစ်ယောက်တွဲ အသင်းလိုက် (အမျိုးသား) အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မကွေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းမှ ချင်းပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ကယားပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းမှ ရန်ကုန်တိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ မွန်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ချင်းပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းမှ ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ မန္တလေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိသည်။



ထို့အတူ ၂၀၂၂ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B) ရုံ၌ ယနေ့နံနက် ၈ နာရီမှ စတင်ကျင်းပရာ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားပြိုင်ပွဲ ပွဲစဉ်များအဖြစ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန အသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိသည်။

အဆိုပါအားကစားပြိုင်ပွဲများကို အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးသည်။

ဇူလိုင် ၉ ရက်တွင် နှစ်ယောက်တွဲအသင်းလိုက်(အမျိုးသား)ပြိုင်ပွဲ ပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း (C)ရုံတွင် နံနက် ၈ နာရီမှစတင်၍ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဘော်လီဘောပြိုင်ပွဲကို ဇူလိုင် ၄ ရက်မှ ၁၈ရက်အထိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရုံ၌ နေ့စဉ်နံနက် ၈ နာရီမှစတင်၍ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

**အားကာမောင်**

# ဇူလိုင် ၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၃၃ ရာခိုင်နှုန်းရှိ

**(၈-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၇-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၈၈၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၁၁,၄၉၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၇၁၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၆၂၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါ သည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၈-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၆၇) ခု | (၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၁၀) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၃၂) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၈၄) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၀၈၇) ခု | (၅) ဦး |
| **စုစုပေါင်း** | (၄,၈၈၁) ခု | (၁၆) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၈

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ၊ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား လေကြောင်း၊ ရေကြောင်းနှင့် ဆိပ်ကမ်းအသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဇူလိုင် ၈ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကုမ္ပဏီတစ်ခုမှ Avastin နှစ်ခု၊ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၂၈ မျိုး၊ စုစုပေါင်း ၁၁၃၅၁ ဒသမ ၂၁ Kg တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး စက္ကန့်(၂၀) ကြာဆေးကြောပါ။

### ၈-၇-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၀၀၆၅၁၆၅ | ၈၅၆၂၄၉၈၂ | ၁၀၄၅၀၈၀ |
| ၂။ | အိန္ဒိယ | ၄၃၅၈၇၃၀၂ | ၄၂၉၃၇၈၇၆ | ၅၂၅၃၄၃ |
| ၃။ | ဘရာဇီး | ၃၂၇၆၁၀၄၅ | ၃၁၀၉၄၈၀၅ | ၆၇၃၁၂၆ |
| ၄။ | ပြင်သစ် | ၃၁၉၇၄၆၀၇ | ၂၉၉၂၉၅၁၅ | ၁၄၉၉၄၃ |
| ၅။ | ဂျာမနီ | ၂၈၉၂၆၃၄၆ | ၂၇၁၃၅၉၀၀ | ၁၄၁၇၅၈ |
| ၆။ | ဗြိတိန် | ၂၂၈၈၃၉၉၅ | ၂၂၂၂၆၅၆၃ | ၁၈၀၇၁၈ |
| ၇။ | အီတလီ | ၁၉၁၅၇၁၇၄ | ၁၇၇၈၉၆၁၃ | ၁၆၈၈၆၄ |
| ၈။ | တောင်ကိုရီးယား | ၁၈၄၇၁၁၇၂ | ၁၈၂၅၅၄၉၇ | ၂၄၆၀၅ |
| ၉။ | ရုရှား | ၁၈၄၅၅၂၇၄ | ၁၇၈၈၂၉၇၈ | ၃၈၁၄၉၉ |
| ၁၀။ | တူကီယဲ | ၁၅၁၈၀၄၄၄ | ၁၅၀၃၅၇၂၇ | ၉၉၀၅၇ |

### ၈-၇-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၇၅၂၉၄၂ | ၉၇၄၉၈၆၅ | ၄၃၀၈၉ |
| အင်ဒိုနီးရှား | ၆၁၀၆၀၂၄ | ၅၉၃၀၁၁၆ | ၁၅၆၇၈၁ |
| မလေးရှား | ၄၅၈၆၃၂၂ | ၄၅၁၆၆၈၈ | ၃၅၇၉၅ |
| ထိုင်း | ၄၅၄၀၉၅၅ | ၄၄၈၅၀၇၅ | ၃၀၈၀၁ |
| ဖိလစ်ပိုင် | ၃၇၁၄၇၇၀ | ၃၆၄၁၆၀၃ | ၆၀၆၃၉ |
| စင်ကာပူ | ၁၅၀၅၉၃၈ | ၁၃၉၉၆၈၄ | ၁၄၂၆ |
| မြန်မာ | ၆၁၃၇၁၁ | ၅၉၂၆၂၀ | ၁၉၄၃၄ |
| လာအို | ၂၁၀၃၄၈ | ၂၀၈၃၄၄ | ၇၅၇ |
| ဘရူနိုင်း | ၁၇၁၀၂၇ | ၁၆၄၁၁၆ | ၂၂၅ |
| ကမ္ဘောဒီးယား | ၁၃၆၃၁၄ | ၁၃၃၂၀၆ | ၃၀၅၆ |

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၁ ရက် မွန်းလွဲပိုင်းက ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေး အဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

*(ယမန်နေ့မှအဆက်)*

**နေပြည်တော်တိုင်းအွန်လိုင်းသတင်းအေဂျင်စီမှ အယ်ဒီတာချုပ် ဦးမင်းမောင်**က မြန်မာနိုင်ငံ အာဆီယံအထူးကိုယ်စားလှယ် သံအမတ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကမ္ဘောဒီယားနိုင်ငံမှ ဝန်ကြီး နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mr. Prak Sokhonn သည် ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်ပြီး နေအိမ်တွင် ပြန်လည်ရွှေ့ပြောင်းထားရှိရန်အတွက် စာတစ်စောင် ထွက်ရှိလာသည်ကို တွေ့ရကြောင်း၊ ယင်းနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်သို့သဘောထား မှတ်ချက်ရှိသည်ကို သိလိုကြောင်း မေးမြန်းသည်။

## ဥပဒေအထက်တွင် မည်သူမျှမရှိ

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က မီဒီယာများအနေဖြင့် ယင်းကိစ္စနှင့်ပတ်သက်၍ မိမိအား အတော်များများ မေးပြီးဖြစ်ကြောင်း၊ ယခင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်ပြီး မိမိအနေဖြင့် ပုံသေတစ်ခုသာ ဖြေကြားခဲ့ကြောင်း နံပါတ် ၁ အချက်မှာ ဥပဒေအထက်တွင် မည်သူမျှမရှိကြောင်း၊ နေရာပြောင်းရွှေ့ထားသည့်အခါတွင်လည်း ယခင်နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့်ပတ်သက်ပြီး အထူးတလည် စောင့်ရှောက်မှုများ ပြုလုပ်ထားကြောင်း၊ အဓိကအားဖြင့် လုံခြုံရေးနှင့်ပတ်သက်သည့်ကိစ္စများ၊ တရားရုံးထုတ်သည့်အချိန်တွင် ပိုမိုအဆင်ပြေစေရန်အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ "ဥပဒေအထက်တွင် မည်သူမျှမရှိ"ဟု မိမိအနေဖြင့် ပြောလိုကြောင်း ဖြေကြားသည်။

**NHP သတင်းဌာနမှ သတင်းထောက် နန်းစုစုစံ**က တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်သည့် မေးခွန်းကို မေးမြန်းသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသည် ယနေ့တွင် CDM ပညာရေးဝန်ထမ်းများနှင့် PDF များသာမက အကြမ်းဖက်နိုင်ငံရေးလှုံ့ဆော်သူများကြောင့် နေရပ်စွန့်ခွာပြီး လမ်းမှားပေါ်ရောက်နေသည့် လူငယ်လူရွယ် CDM ဝန်ထမ်းများအပါအဝင် အားလုံးကို ပြန်လည်ဖိတ်ခေါ် နေသည်ကို တွေ့မြင်ရကြောင်း၊ တစ်ဖက်တွင်လည်း ပြည်ပနိုင်ငံတချို့၏ သွေးထိုး ပါဝင်ပတ်သက်မှုများကြောင့် ဥက္ကရစ်ထ တိုက်ပွဲများကဲ့သို့ဖြစ်စဉ်များ ပေါ်ပေါက်လာသည်ကို တွေ့မြင်ရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ပြည်သူ့ဘဝကို ပြန်လည်ခံယူလိုသူများတွက် လုံခြုံရေးအာမခံချက် မည်မျှအထိ တာဝန်ယူပေးမည်ဆိုသည်နှင့် ပြည်ပနိုင်ငံများ၏ စွက်ဖက်မှုပါဝင်လာသည့် တိုက်ပွဲများ နောင်တွင်ရှိမလာရန် မည်ကဲ့သို့တာဝန်ယူသွားမည်ကို သိလိုကြောင်း၊ ယနေ့ဖြစ်ပေါ်နေသည့် အနယ်နယ်အရပ်ရပ်မှ ခိုးဆိုးလုယက်မှုများ၊ အာဏာပါဝါသုံးပြီး ဥပဒေမဲ့ပြုကျင့်နေသည့် ကိစ္စရပ်များအပေါ် ထိထိရောက်ရောက် အရေးယူနိုင်ရန်အတွက် မည်သို့စီမံဆောင်ရွက်နေသည်ကို သိလိုကြောင်း မေးမြန်းသည်။


## တည်ငြိမ်အေးချမ်းမှုရရှိရေးဆောင်ရွက်လျက်ရှိ

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က မိမိတို့ ပြန်လည်ဖိတ်ခေါ်ခဲ့သည့် အထဲတွင်လည်း ပါဝင်ပြီးဖြစ်ကြောင်း၊ ပြည်သူ့ဘဝလုံခြုံအေးချမ်းစွာနေနိုင်ရေးအတွက် အာမခံပြီးဖြစ်ကြောင်း၊ PDF အဖွဲ့များ အနယ်နယ်အရပ်ရပ်မှ အလင်းဝင်ရောက်လာသည်မှာ ၂၀၅ ဦး ဖြစ်ကြောင်း၊ ထို့အပြင် ၎င်းတို့ရှေ့တွင် တချို့သော CDM ဝန်ထမ်းများ၊ တချို့သောသူများ ပြန်လည်ဝင်ရောက်လာသူများရှိကြောင်း၊ ယင်းသို့ ပြန်လည်ဝင်ရောက်လာသည့်အချိန်တွင် ဝန်ထမ်းစည်းကမ်းအရ လုပ်သင့်လုပ်ထိုက်သည်များ ဆောင်ရွက်ပြီး အလုပ်ပြန်လည်လုပ်နေသူများရှိပြီး အလုပ်မှထွက်သွားသူများလည်းရှိကြောင်း၊ ၅၀၅(ခ)ဖြင့် အနုပညာရှင်များလည်း လွတ်လာသူများရှိကြောင်း၊ ၎င်းတို့လည်း အေးချမ်းစွာနေထိုင်လျက်ရှိကြောင်း၊ လမ်းပေါ်တွင် ခိုးဆိုးလုယက်မှုများ၊ တချို့သော လက်နက်ရရှိသူများအနေဖြင့် ခြားပြမှုများ ကျူးလွန်နေသည်လည်း ရှိကြောင်း၊ ထိုကိစ္စများကို လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် အမြန်ဆုံး တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် မိမိတို့ ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ဒေသအသီးသီးတွင် ပြည်သူ့လုံခြုံရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းပြည်သူ့လုံခြုံရေးအဖွဲ့များတွင် ပြည်သူလူထုအနေဖြင့် တစ်တပ်တစ်အားပါဝင်ပေးရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီနိုင်ငံကို ပြန်လည်ထူထောင်သည့်နေရာတွင် တည်ငြိမ်အေးချမ်းရေးက ပိုမိုအရေးကြီးကြောင်း၊ ထို့ကြောင့် တည်ငြိမ်အေးချမ်းရေးရှိရန်၊ တရားဥပဒေ စိုးမိုးမှုရှိရန်အတွက် ပြည်သူလူထုက ဝိုင်းဝန်းကူညီပံ့ပိုးပေးကြရန် မိမိအနေဖြင့် တိုက်တွန်းလိုကြောင်း ဖြေကြားသည်။

**97 မီဒီယာမှ သတင်းထောက်ချုပ် နန္ဒလင်း(ထားဝယ်)**က ၁၆-၆-၂၀၂၂ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ကို ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ UNICEF မှ ဌာနေကိုယ်စားလှယ် Mr. Marcoluigi Corsi သည် ၎င်း၏ ခန့်အပ်လွှာကို လာရောက်ပေးအပ်ခဲ့သည်ကို သိရှိရကြောင်း၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ UNICEF နှင့် နိုင်ငံတော်အစိုးရတို့၏ ကျန်းမာရေးကဏ္ဍနှင့် ပညာရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ယင်း UNICEF အဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာနနှင့် ယခင်ကတည်းက လက်တွဲဆောင်ရွက်လျက်ရှိသည့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းဖြစ်ကြောင်း၊ ယခုအချိန်ထိလည်း လက်တွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဖြေကြားပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။





**PDF အဖွဲ့များ၏ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ ဥပဒေဘောင်အတွင်း ဝင်ရောက်လာမှုနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတွင် ပြသထားသော မှတ်တမ်းဓာတ်ပုံများ။**

## UNICEF နှင့် ပူးပေါင်းဆောင်ရွက်မှု

**ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ UNICEF သည် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာလတာရှည်စွာ လက်တွဲဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ထိုသို့လက်တွဲပူးပေါင်းဆောင်ရွက်သည့်အချိန်တွင် အသက်တစ်နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ၊ အာဟာရဖြည့်တင်ရေးလုပ်ငန်းများကို အဓိကထား ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ဆက်လက်ပြီး ဆောင်ရွက်မည့်လုပ်ငန်းများလည်းရှိကြောင်း၊ ထိုသို့ဆောင်ရွက်မည့်လုပ်ငန်းများမှာ အသက်တစ်နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် ပုံမှန်ကာကွယ်ဆေးထိုးခြင်း ဆောင်ရွက်ရာတွင် လိုအပ်သည့်ကာကွယ်ဆေးများကို နိုင်ငံတော်ရန်ပုံငွေဖြင့် ဝယ်ယူရာ၌ အရေအတွက် ခန့်မှန်းတွက်ချက်ခြင်း၊ Gavi Alliance အဖွဲ့နှင့် အသက်တစ်နှစ်အောက်များအတွက် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ရာတွင် Co-Financing နည်းစနစ်ဖြင့် ကာကွယ်ဆေးများဝယ်ယူရန် ဆောင်ရွက်ပေးခြင်း၊ ကာကွယ်ဆေးများ ပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်ပေးခြင်းတို့ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံရေးနှင့် ပတ်သက်သည့် အခြေခံအဆောက်အအုံများ ဆောင်ရွက်ခြင်း၊ အအေးလမ်းကြောင်းထိန်း ရေခဲသေတ္တာများကို ကျေးလက်ကျန်းမာရေးဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် တိုးချဲ့တပ်ဆင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများနှင့် ကာကွယ်ရေးဆိုင်ရာ ဆက်စပ်ပစ္စည်းများကို ပံ့ပိုးပေးခြင်း၊ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းဆိုင်ရာ ပြည်သူလူထု၏အမြင်ကို လေ့လာဆန်းစစ်ခြင်း၊ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များဆိုင်ရာ လိုအပ်သည့် အိုင်တီနည်းပညာပစ္စည်းများကို ပံ့ပိုးပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများအတွက်နှင့် အအေးလမ်းကြောင်းထိန်း ဝန်ထမ်းများအတွက် ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ ပို့ချခြင်း၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်ဆေးဝါးနှင့် အာဟာရဖြည့်စွက်စာများ ပံ့ပိုးခြင်း၊ အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေးလုပ်ငန်းများအတွက် ပံ့ပိုးခြင်းဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ UNICEF ကဲ့သို့သော မိတ်ဖက်အဖွဲ့အစည်းများကို ထိုကဲ့သို့သောလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အမြဲတမ်းလက်ကမ်းကြိုဆိုလျက်ရှိပါကြောင်း ဖြည့်စွက်ဖြေကြားသည်။

*စာမျက်နှာ ၁၇ သို့*

**❐ တချို့သော လက်နက်ရရှိသူများအနေဖြင့် ခြားပြမှုများ ကျူးလွန်နေသည်လည်းရှိ၊ ထိုကိစ္စများကို လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် အမြန်ဆုံး တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် မိမိတို့ ဆောင်ရွက်လျက်ရှိ၊ ယင်းသို့ဆောင်ရွက်ရာတွင် ဒေသအသီးသီးတွင် ပြည်သူ့လုံခြုံရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိ၊ ယင်းပြည်သူ့လုံခြုံရေးအဖွဲ့များတွင် ပြည်သူလူထုအနေဖြင့် တစ်တပ်တစ်အားပါဝင်ပေးရန်လို**

*စာမျက်နှာ ၁၆ မှ*

**နေပြည်တော် မှူခင်းနှင့်သတင်းစုံ အွန်လိုင်းသတင်းအေဂျင်စီမှ သတင်းထောက် ဦးဇော်ဝင်းက** မိမိအနေဖြင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် တမူးနယ်စပ်တွင် အရေးပေါ်လိုအပ်နေသည့် အကူအညီများကို တစ်မိနစ်ခန့်တင်ပြလိုကြောင်း၊ တမူးခရိုင်သည် အိန္ဒိယနယ်စပ်နှင့် မိုင်ပေါင်းရာချီပြီး တစ်ဆက်တည်းဖြစ်ကြောင်း၊ လမ်းတစ်လမ်းသာရှိကြောင်း၊ ထိုလမ်းတွင် နိုင်ငံရေးအခြေအနေ၊ ကျန်းမာရေးအခက်အခဲအရ သွားလာရန်အတွက် ယခုအချိန်တွင် မိုးရာသီဖြစ်သည့်အတွက်ကြောင့် အခက်အခဲများစွာ ကြုံတွေ့လျက်ရှိကြောင်း၊ လက်ကျိုးခြေကျိုးများကို တစ်ရက်နှစ်ရက်ခန့် စောင့်၍ရသော်လည်း ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် တမူးဆေးရုံကြီးတွင် လုံးဝကုသ၍မရကြောင်း၊ ကလေးနှင့် မန္တလေးကို ပို့ရကြောင်း၊ ထိုအချိန်တွင် ပရဟိတကားများအနေဖြင့် သွားသော်လည်း အသက်အန္တရာယ်ကြောင့် အခက်အခဲများစွာ ကြုံတွေ့လျက်ရှိကြောင်း၊ ယခင်က ခရိုင်ဆရာဝန်ကြီး ဒေါက်တာ ဦးသူရရှိသဖြင့် အဆင်ပြေကြောင်း၊ ကိုဗစ်ကာလတွင်လည်း လူနာများကို ကုသပေးကြောင်း၊ ယခုအခါ ဒေါက်တာ ဦးသူရပြောင်းသွားပြီး ထပ်မံရောက်ရှိသည့် ခရိုင်ဆရာဝန်ကြီးကလည်း ကိုးဆယ့်ခြောက်ပါးရောဂါဖြင့် သေဆုံးသွားကြောင်း၊ ထို့ကြောင့် တမူးခရိုင်အတွင်း အဓိကအားဖြင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် ဆေးရုံကြီးတွင် ခွဲစိတ်ကုသနိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်ပေးနိုင်ရန် ပြည်သူလူထုအနေဖြင့် မျှော်လင့်လျက်ရှိကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်းက** ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို အသေးစိတ်မှတ်ထားပေးရန်နှင့် ပြန်လည်စိစစ်ပြီး လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်တိုင် ကျန်းမာရေးနှင့်ပတ်သက်၍ လူ့အသက်ထက် အရေးကြီးတာ ဘာမျှမရှိဟု ခံယူထားကြောင်း၊ ဦးစားပေးအဆင့်တွင် ပါဝင်ကြောင်း၊ စိစစ်ပြီး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားသည်။

### Without ကားများ လိုင်စင်ထုတ်ပေးရန် အစီအစဉ်မရှိ

ဆက်လက်ပြီး **နေပြည်တော် မှူခင်းနှင့်သတင်းစုံ အွန်လိုင်းသတင်းအေဂျင်စီမှ ဦးဇော်ဝင်း**က နိုင်ငံတော်အစိုးရအနေဖြင့် Without ကားများကို ဖမ်းဆီးပြီး တရားစွဲတင်ခြင်း၊ လေလံတင်ရောင်းချခြင်းမှ အခွန်ဝင်ငွေများရရှိနေသည်ကို သိရှိရကြောင်း၊ လက်ရှိ မြန်မာနိုင်ငံအတွင်းတွင် Without ကားများရှိနေနိုင်ကြောင်း၊ ထို့ကြောင့် တပ်မတော်မှ အာဏာကို ခေတ္တထိန်းထားသည့်အချိန်တွင် အချိန်ကာလတစ်ခုသတ်မှတ်ပြီး ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ လေလံတင်ရောင်းချခြင်းထက် အစီအစဉ်တစ်ခုအနေဖြင့် လိုင်စင်ထုတ်ပေးခြင်း၊ တစ်ခုခုသတ်မှတ်ပေးခြင်း၊ နိုင်ငံတော်၏ အခွန်ဘဏ္ဍာရရှိအောင် အစီအစဉ်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ထိုလိုင်စင်မဲ့ကားများနှင့်ပတ်သက်၍ သတင်းမျိုးစုံကို အွန်လိုင်းပေါ်တွင်လည်း တွေ့မြင်ကြောင်း၊ ယခင်နယကအစိုးရလက်ထက်တွင် ၈၅ ရာခိုင်နှုန်း ဒဏ်ကြေးပေးဆောင်ပြီး တရားဝင်ယာဉ်အဖြစ် မှတ်ပုံတင်ပေးထားသည့် မှတ်ပုံတင်သည့်လုပ်ငန်းလုပ်ခဲ့ခြင်းရှိကြောင်း၊ ယာဉ်အရေအတွက် ၆၀၀၀ ကျော်ရှိကြောင်း၊ ထိုအချိန်တွင် အခြေအနေက တစ်မျိုးဖြစ်ကြောင်း၊ ယခုလက်ရှိအခြေအနေတွင် တရားမဝင်လိုင်စင်မဲ့ မော်တော်ယာဉ်များကို တရားဝင်လိုင်စင်ဖြစ်အောင် ဆောင်ရွက်မည်ဆိုပါက တရားဝင်တင်သွင်းလာသည့် ယာဉ်ပိုင်ရှင်များ နစ်နာမှုရှိပြီး ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ထားသည့် ကား Showroom များနှင့် Sale Center များလည်း ထိခိုက်လာနိုင်ကြောင်း၊ ကန့်ကွက်မှုများ ဖြစ်လာနိုင်ကြောင်း၊ ပြည်တွင်းကားဈေးကွက်လည်း ကမောက်ကမဖြစ်လာနိုင်ကြောင်း၊ ထို့အပြင် တည်ဆဲဥပဒေ၊ နည်းဥပဒေများကို ဖောက်ဖျက်ကျော်လွန်သည့် ကိစ္စလည်းဖြစ်ကြောင်း၊ နိုင်ငံတကာ၏ ကျင့်သုံးနေသည့် စနစ်များကိုလည်း ဆန့်ကျင်ရာရောက်ကြောင်း၊ တရားမဝင်တင်သွင်းမှုကိုလည်း အားပေးရာရောက်မည်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများမှ ခိုးလာသည့်ယာဉ်များဖြစ်ပါက ပြဿနာ ပိုပြီးကြီးလာနိုင်ကြောင်း၊ ပိုပြီးကန့်ကွက်ခံရနိုင်ကြောင်း၊ ဝယ်လာသည့် ယာဉ်များသည် Second Hand ဖြစ်သည်ကိုလည်း သိပြီးဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့်လည်း မလိုလားအပ်သည့် ကိစ္စများ ရှုပ်ထွေးလာနိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် လိုင်စင်ဖြင့် ထုတ်ပေးရန် အစီအစဉ်မရှိကြောင်း ဖြေကြားသည်။

**မြန်မာသံတော်ဆင့် သတင်းဌာနမှ အယ်ဒီတာ ဦးကိုကိုကြီး**က ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဖော်ဆောင်ခဲ့သည့် ညောင်နှစ်ပင်ခန်းမကြီးကို နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်တိုင်သွားကြည့်ပြီး အကြီးစားပြင်ဆင်နေမှုများကို တွေ့ရပါကြောင်း၊ ယခင်အစိုးရခေတ်က စာအုပ်

**"ညောင်နှစ်ပင်သွားခြင်းမှာ ယခင်က သမိုင်းဝင်ခဲ့သည့် အဆောက်အဦဖြစ်သည့်အတွက်ကြောင့် ပြန်လည်ထိန်းသိမ်းသင့်သည့် ရည်ရွယ်ချက်ဖြင့် သွားခြင်းဖြစ်၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် ပတ်သက်ပြီး ကျောင်းဖွင့်ရန် ဆောင်ရွက်နေခြင်းရှိ၊ စိုက်ပျိုး၊ မွေးမြူရေးနှင့်ပတ်သက်ပြီး အထူးစီမံကိန်းများ ဆောင်ရွက်နေခြင်းများရှိခြင်းကြောင့် သွားရောက်စစ်ဆေးခြင်းဖြစ်"**

စိမ်းကြီး ဖော်ဆောင်ခဲ့သည့်နေရာဟူ၍ အမုန်းတရားဖြင့် မပြုပြင်ဘဲ အမိုးများနှင့် ခုံများပျက်စီးနေသည်များကို တွေ့ရပါကြောင်း၊ တိုင်းရင်းသားအဖွဲ့များနှင့် တွေ့ဆုံသည့်နေရာတွင် ဖက်ဒရယ်ဒီမိုကရေစီစနစ် ဖော်ဆောင်ရန်အတွက် ဆက်လက်ဆွေးနွေးမည်ဟု နိုင်ငံ့ခေါင်းဆောင်အနေဖြင့် ပြောကြားသည်ကို တွေ့ရပါကြောင်း၊ ဖက်ဒရယ်ဒီမိုကရေစီစနစ် ဖော်ဆောင်ရေးအတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်များ၊ ပါဝင်သင့် ပါဝင်ထိုက်သူများနှင့် တွေ့ဆုံဆွေးနွေးရန်အတွက် ၂၀၂၃ ခုနှစ် ရွေးကောက်ပွဲမတိုင်မီ ညောင်နှစ်ပင်ညီလာခံ ပြန်လည်ကျင်းပရန် အစီအစဉ် ရှိ/မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ညောင်နှစ်ပင်သွားခြင်းမှာ ယခင်က သမိုင်းဝင်ခဲ့သည့် အဆောက်အဦဖြစ်သည့်အတွက်ကြောင့် ပြန်လည်ထိန်းသိမ်းသင့်သည့် ရည်ရွယ်ချက်ဖြင့် သွားခြင်းဖြစ်ကြောင်း၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် ပတ်သက်ပြီး ကျောင်းဖွင့်ရန် ဆောင်ရွက်နေခြင်းရှိကြောင်း၊ စိုက်ပျိုး၊ မွေးမြူရေးနှင့်ပတ်သက်ပြီး အထူးစီမံကိန်းများ ဆောင်ရွက်နေခြင်းများရှိခြင်းကြောင့် သွားရောက်စစ်ဆေးခြင်းဖြစ်ကြောင်း၊ ရိုးရိုးသားသားဖြစ်ကြောင်း ဖြေကြားသည်။

**တဲ့ပြောသတင်းမီဒီယာမှ အယ်ဒီတာချုပ် ဦးဇော်မင်းဦး**က မေးခွန်းမမေးမီ ကျေးဇူးတင်စကားပြောလိုပါကြောင်း၊ သတင်းစာရှင်းလင်းပွဲကို တချို့က ဝေဖန်မှုများရှိကြောင်း၊ သတင်းစာရှင်းလင်းပွဲတက်သောသူနှင့် မတက်သောသူဟူ၍ ရှိပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည့်အဖွဲ့များက အလကားပါဟု ပြောကြကြောင်း၊ မိမိလက်ခံလိုက်သည်မှာ ဒေါက်တာ ဇော်မြင့်မောင်နှင့် ဒေါက်တာ အောင်မိုးညိုတို့က စတုတ္ထမဏ္ဍိုင်မရှိဟု ပြောသည့်အချိန်တွင် စတုတ္ထမဏ္ဍိုင်ကို လေးစားပါသည်ဟု ပြောခဲ့သည့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို ကျေးဇူးတင်ပါကြောင်း၊ သတင်းစာရှင်းလင်းပွဲတွင် မိမိမေးသည့် ကားများအလဟဿဖြစ်နေသည်ကို ချက်ချင်းအကောင်အထည်ဖော်ဆောင်သည့်အတွက် ဝမ်းသာပါကြောင်း၊ သံတမန်နည်းလမ်း(ဗီယင်နာကွန်ဗန်ရှင်း)ကို ချိုးဖောက်သည့် နိုင်ငံများက မိမိတို့နိုင်ငံကို သွေးတိုးစမ်းပါကြောင်း၊ သံအမတ်ကြီးအဆင့်မှ ယာယီသံရုံးတာဝန်ခံအနေဖြင့် ထားခဲ့သည့်နိုင်ငံများကို မိမိတို့နိုင်ငံကလည်း ပြတ်ပြတ်သားသား ယာယီသံရုံးတာဝန်ခံအနေဖြင့် ထားခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာကို မိမိနိုင်ငံကပိုင်ပြီး မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာကို မစော်ကားနှင့်ဟု (ဂျီနီဗာကွန်ဗန်ရှင်း)ကို လက်မှတ်ထိုးထားပြီး ၁၆၄ နိုင်ငံမြောက်ဝင်ထားသည့် မိမိတို့ မြန်မာနိုင်ငံ၏ သတ္တိကိုပြသည်ဟု မိမိအနေဖြင့် ယူဆပါကြောင်း၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ပြောသည့် "၎င်းဘဝတွင် မလုပ်ရဲတာမရှိဘူး"ဟူသည့် စကားကို မိမိယူသုံးလိုပါကြောင်း၊ တစ်ဖက်က ၎င်းတို့အမြင်ဖြစ်သည့် NLD ပါတီမှ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် သမ္မတ ဦးဝင်းမြင့်နှင့် ဝန်ကြီးများကို အဂတိလိုက်စားမှုဖြင့် အရေးယူကြောင်း၊ တပ်မတော်ကအနိုင်ကျင့်သည်ဟု စွပ်စွဲနေသည့်အချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူထားချိန်တွင် ၎င်းကိုယ်တိုင်ခန့်အပ်ထားသည့် ဝန်ကြီးချုပ်များ၊ ဝန်ကြီးများကိုလည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် မှားသည့်သူအား မှားသည့်အတိုင်း အရေးယူမည်၊ အပြစ်ရှိသူကို အပြစ်ရှိသည့်အတိုင်း အရေးယူမည်ဆိုသည်ကို လက်တွေ့လည်းပြနေပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရတက်လာပြီး NLD နှင့် ယခင်အဂတိလိုက်စားခဲ့သည့်ပုဂ္ဂိုလ်များကို ကြော်ငြာသကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် တာဝန်ထမ်းဆောင်နေသည့်အချိန်တွင်လည်း ၎င်း၏လက်ထက်တွင် ၎င်းခန့်ထားသည့်ဝန်ကြီးများကို အဂတိနှင့်ငြိလျှင် အဂတိဖြင့်အရေးယူပါကြောင်း၊ ဥပဒေနှင့်မညီလုပ်ထားသည့် ပုဂ္ဂိုလ်များကို ဥပဒေနှင့်အညီ အရေးယူကြောင်းကို တရားဝင်ပြန်ကြားပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါကြောင်း၊ ထို့နောက် ဥက္ကရစ်ထစခန်းတွင် သုံးရက်သုံးညကြံ့ကြံ့ခံပြီး နိုင်ငံတော်ပိုင်သည့်လက်နက်များ မဆုံးရှုံးရအောင် အသက်ပေးကာကွယ်ခဲ့သည့် တပ်ကြပ်မြင့်လွင် အပါအဝင် အရာရှိ/စစ်သည်များကို တစ်ဆင့်မြင့်ရာထူးတိုးပေးသည်ဟု ဝမ်းသာစွာကြားသိရပါကြောင်း၊ ဆရာ မြင့်လွင်သည် မိမိအနီးကပ်သွားနေသည့်အတွက် ပိုသိပါကြောင်း၊ ၎င်းက စစ်ကူရောက်ပြီလားဟုမေးသည့်အခါ မိမိတို့မျက်ရည်ကျခဲ့ပါကြောင်း၊ မိမိလည်းထိုသို့ကြုံဖူးပါကြောင်း၊ စစ်ကူရောက်ပြီဟုပြောသည့်အခါတွင် ၎င်းဦးခေါင်းချသွားပါကြောင်း၊ ယင်းစစ်သည်မျိုးကို နိုင်ငံတော်အနေဖြင့် ဘွဲ့ထူး/ဂုဏ်ထူးချီးမြှင့်ရန် အစီအစဉ် ရှိ/မရှိ နှင့် ထိုနေရာတွင်ရှိသည့် အခြားစစ်သည်များလည်း ကြံ့ကြံ့ခံနိုင်ခဲ့ကြောင်း၊ ထိုသို့ သုံးရက်လေးရက် ကြံ့ကြံ့ခံခဲ့သည့် စစ်သည်များကို ရာထူးတိုးမြှင့်ပေးရုံသာမက ဘွဲ့ထူး/ဂုဏ်ထူးပေးရန် အစီအစဉ် ရှိ/မရှိ ထပ်လောင်းသိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က သတင်းထောက်ကြီးပြောခဲ့သည့် "ကျွန်တော် ဘဝတွင် မလုပ်ရဲတာမရှိဘူး" ဆိုသည့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ စကားမှာ အပြည့်အစုံပြောရမည်ဖြစ်ကြောင်း၊ နားလည်မှုလွဲမည်ဆိုသည့်အတွက် မိမိရှင်းပြလိုပါကြောင်း၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံသည့်အခါတွင် ၎င်းပြောခဲ့သည်များရှိကြောင်း၊ ယင်းကိုသတင်းဌာနတစ်ခုက "မလုပ်ရဲတာမရှိဘူး"ဟု ဖြတ်ပြီးသုံးခဲ့ကြောင်း၊ မိမိအနေဖြင့် အပြည့်အစုံပြောပြရလျှင် ဗိုလ်ချုပ်မှူးကြီးအနေဖြင့် ပြောခဲ့သည်မှာ "နိုင်ငံတော်အရေးအတွက်၊ နိုင်ငံတော်၏ အကျိုးစီးပွားအတွက် ကျွန်တော်မလုပ်ရဲတာ မရှိဘူး"ဟု ပြောခဲ့ခြင်းဖြစ်ကြောင်း၊ လူယုတ်မာများက နိုင်ငံတော်အရေးနှင့် နိုင်ငံတော်အကျိုးစီးပွားကိုဖြုတ်ပြီး "မလုပ်ရဲတာမရှိဘူး" ဟု လုပ်ခဲ့ပါကြောင်း ပြောကြားသည်။

### အဂတိလိုက်စားမှုနှင့် ပတ်သက်၍ အရေးယူမှုများ

သတင်းထောက်ကြီး၏ ဒုတိယမေးခွန်းကိုဖြေရလျှင် မိမိတို့ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပထမမေးခွန်းဖြစ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူခဲ့သည့်နေ့မှစ၍ ဇွန် ၂၉ ရက်အထိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို တိုင်ကြားစာစုစုပေါင်း ၁၅၀၀ ရောက်ရှိပါကြောင်း၊ ကော်မရှင်က အစည်းအဝေးသုံးသပ်တင်ပြပြီး စုံစမ်းစစ်ဆေးပါကြောင်း၊ အထောက်အထား ခိုင်လုံစွာဖြင့် ပေးပို့လာသည့် တိုင်ကြားစာ ၄၀ အပေါ်တွင် စုံစမ်းစစ်ဆေးနိုင်ရန်အတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့် အရေးယူဆောင်ရွက်နေသူများအနေဖြင့် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့သူ ၇၀၊ နိုင်ငံ့ဝန်ထမ်းနှင့် ပြင်ပပုဂ္ဂိုလ် ၆၃ ဦးဖြစ်ပါကြောင်း၊ တရားစွဲဆိုမှုအနေဖြင့် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့သူ ၇၀၊ အဆင့်မြင့်အရာရှိ ရှစ်ဦး၊ အရာထမ်း ခြောက်ဦး ၊ ပြင်ပပုဂ္ဂိုလ် ခြောက်ဦး စုစုပေါင်း ၉၀ ဖြစ်ပါကြောင်း၊ ထို့အပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃၀ (ခ)အရ နိုင်ငံ့ဝန်ထမ်း ဥပဒေဖြင့် စုစုပေါင်း ၄၃ ဦး အရေးယူဆောင်ရွက်ခဲ့ပါကြောင်း၊ အဆင့်မြင့်အရာရှိတစ်ဦး၊ အရာထမ်း ၄၁ ဦးနှင့် အမှုထမ်း ၁ ဦးဖြစ်ပါကြောင်း၊ NLD ပါတီမှပုဂ္ဂိုလ်များသာ အရေးယူခြင်းမဟုတ်ဘဲ နိုင်ငံ့ဝန်ထမ်းနှင့် ပြင်ပပုဂ္ဂိုလ် ၆၃ ဦး အရေးယူထားပါကြောင်း၊ NLD လက်ထက်ကို မိမိပြောလိုပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးအဆင့် ၃၈ ဦး၊ ဒုတိယဝန်ကြီးအဆင့် ၇၁ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအပါ ဝန်ကြီး ၁၆၅ ဦး၊ နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ စုစုပေါင်း ၂၇၄ ဦး ခန့်အပ်ခဲ့သော်လည်း အဂတိလိုက်စားမှု ကျူးလွန်ကြောင်း တိုင်ကြားခံရသည့် နိုင်ငံရေးရာထူးနှင့် လက်ရှိဖြစ်ခဲ့သူများကိုသာ စစ်ဆေးပေါ်ပေါက်ချက်အရ အရေးယူခြင်းဖြစ်ပါကြောင်း၊ NLD လက်ထက်တွင် ခန့်အပ်ခဲ့သူ ၂၇၄ ဦးရှိပြီး ခိုင်လုံ၍အရေးယူထားသည်မှာ မည်မျှသာရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ကွာခြားချက်မည်မျှရှိသည်ကို တွက်ဆကြည့်လျှင် သိနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေကြေးများနှင့်ပစ္စည်းများ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် NLD အစိုးရလက်ထက် ၂၁-၆-၂၀၁၈ ရက်နေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်ပြဋ္ဌာန်းပြီးနောက်တွင် ကော်မရှင်အနေဖြင့် လာဘ်ပေးလာဘ်ယူမှုများအပါအဝင် နိုင်ငံတော်၏ ငွေကြေးနှင့်ပစ္စည်း နစ်နာဆုံးရှုံးမှုများနှင့်ပတ်သက်ပြီး အရေးယူနိုင်ခဲ့ပါကြောင်း၊ ကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူပြီးနောက်ပိုင်းတွင် တရားစွဲဆိုတင်ပို့သည့် အမှုပေါင်း ၁၉၄ မှုအနက် နိုင်ငံတော်ဘဏ္ဍာငွေ နစ်နာဆုံးရှုံးခဲ့သည့်အမှု ၈၇ မှုရှိပြီး နိုင်ငံတော်အနေဖြင့် မြန်မာကျပ်ငွေ သန်းပေါင်း ၁၉၃ ဘီလီယံကျော်နှင့် အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံကျော် နစ်နာဆုံးရှုံးခဲ့ရသည်ကို စစ်ဆေးတွေ့ရှိရပါကြောင်း၊ ကော်မရှင်အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို ရှေးရှုပြီး သန့်ရှင်းသည့်အစိုးရနှင့် ကောင်းမွန်သည့် အုပ်ချုပ်မှုဖြစ်ရန် ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့် အဂတိလိုက်စားမှုနှင့်ပတ်သက်ပြီး ကျောသားရင်သားမခွဲခြားဘဲ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၈၀ | ၁၉၂၅ | ၁၉၂၀ | ၁၈၉၀ | ၁၉၂၅ | ၁၈၅၀ | ၁၉၃၅ | ၁၉၁၀ | ၂၀၀၅ | ၂၀၂၀ | ၁၉၂၀ | ၁၉၂၅ | ၁၉၆၀ | ၁၉၆၅ | ၁၉၆၅ | ၂၁၈၅ | ၂၆၆၅ |
| 95 Ron | ၁၉၅၅ | ၂၀၀၀ | ၁၉၉၅ | ၁၉၆၀ | ၁၉၉၅ | ၂၀၂၀ | ၂၀၀၅ | ၁၉၈၅ | ၂၀၈၀ | ၂၀၉၅ | ၁၉၉၀ | ၂၀၀၅ | ၂၀၃၅ | ၂၀၃၅ | ၂၀၃၅ | ၂၂၅၅ | ၂၇၂၅ |
| HSD (500 ppm) | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၅ | ၂၃၈၅ | ၂၃၈၀ | ၂၂၈၀ | ၂၂၉၀ | ၂၃၂၅ | ၂၃၂၅ | ၂၃၂၅ | ၂၅၄၅ | ၂၉၅၅ |
| HSD (50 ppm) | ၂၃၀၀ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၃၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၄၄၅ | ၂၄၄၀ | ၂၃၃၅ | ၂၃၄၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၅ | ၂၆၀၀ | ၂၉၈၅ |
| HSD (10 ppm) | ၂၃၀၀ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၃၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၄၄၅ | ၂၄၄၀ | ၂၃၃၅ | ၂၃၄၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၅ | ၂၆၀၀ | ၂၉၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၈၆ | ၁၈၅၅ |
| 95 Ron | ၁၈၅၆ | ၁၉၂၆ |
| HSD (500 ppm) | ၂၁၃၆ | ၂၂၀၈ |
| HSD (50 ppm) | ၂၁၉၁ | ၂၂၆၅ |
| HSD (10 ppm) | ၂၁၉၁ | ၂၂၆၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ခေတ်မီစံပြကျေးရွာ ၄၂ ရွာ ရွေးချယ်၍ Pilot Project အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေ

**နေပြည်တော် ဇူလိုင် ၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ဇူလိုင် ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကလောမြို့နယ် ဘော်နင်းကျေးရွာသို့ရောက်ရှိပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒုတိယဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ခေတ်မီစံပြကျေးရွာ ၄၂ ရွာ ရွေးချယ်၍ Pilot Project အနေဖြင့် ယခုဘဏ္ဍာနှစ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ စံပြကျေးရွာများ ရွေးချယ်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဒေသထွက်ကုန် စသည်တို့ကို အခြေခံ၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေပါကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘော်နင်းကျေးရွာအတွက် ဆောင်ရွက်ပေးထားသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းနှင့် Cash For Work စီမံကိန်း ခွင့်ပြုရန်ပုံငွေများအား စီမံကိန်းလက်စွဲပါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျေးရွာလူထုမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရန်လည်း လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဘော်နင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးညိုအေးက ကျေးရွာအတွက် လုပ်ငန်းလိုအပ်ချက်တင်ပြမှုအပေါ် ဒုတိယဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်နေသည့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် ရွာတော်-မြက်ဆက်(တ)-မြက်ဆက်(မ)-ဘော်နင်း ကျေးရွာ လေးရွာ၏ ကတ္တရာခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ညောင်ရွှေမြို့နယ် စိုက်ပျိုးရေးကျေးရွာရှိ ရှမ်းပြည်နယ် သမဝါယမအသင်းစုချုပ်က ဆောင်ရွက်နေသော သဘာဝမြေသြဇာထုတ်လုပ်ရေးလုပ်ငန်းသို့ ရောက်ရှိရာ သဘာဝမြေသြဇာ လက်တွေ့အသုံးပြုနေသော စပါးစိုက်တောင်သူတစ်ဦးနှင့် ပြောင်းစိုက်တောင်သူတစ်ဦးတို့က စိုက်ပျိုးဖြစ်ထွန်းမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။ ယင်းနောက် အင်းလေးကန်အတွင်းမှ ဗေဒါမြေဆွေးကုန်ကြမ်း ရရှိသည့်နေရာသို့ စက်လှေဖြင့်



သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်နေမှုများအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

**တွေ့ဆုံအားပေး**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် တောင်ကြီးမြို့ သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းသို့ ရောက်ရှိကာ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံအားပေးစကားများပြောကြားပြီး သင်တန်းကျောင်းအတွင်းရှိ စာသင်ဆောင်၊ သင်တန်းသား အိပ်ဆောင်များ၊ စားရိပ်သာနှင့် မီးဖိုချောင်တို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇူလိုင် ၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**မိုး/ဇလ**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး ဇူလိုင် ၈**

၂၀၂၂ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားကွင်းရှိ Multipurpose Stadium တွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အမျိုးသားနှစ်ယောက်တွဲ ကြက်တောင်ရိုက် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဝန်ကြီးများက ဆုများချီးမြှင့်ရာ တံခွန်စိုက်ဆုဖလားရ မန္တလေးခရိုင်အသင်းကို တံခွန်စိုက်ဆုနှင့်ငွေကျပ် ၁၀ သိန်းစီ **(အပေါ်ယာပုံ)**၊ အကောင်းဆုံးဆုရ မန္တလေးခရိုင်အသင်းမှ အားကစားသမားနှစ်ဦးကို ဆုတံဆိပ်နှင့် ငွေကျပ်တစ်သိန်းစီ၊ ဒုတိယဆုရ ပြင်ဦးလွင်ခရိုင်အသင်းကို ဆုတံဆိပ်နှင့် ငွေကျပ်ခုနစ်သိန်း ငါးသောင်း၊ ပူးတွဲတတိယဆုရ မိတ္ထီလာခရိုင်နှင့် မြင်းခြံခရိုင်အသင်းတို့ကို ဆုတံဆိပ်နှင့် ငွေကျပ်ငါးသိန်းစီတို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြန်လည်အဆင့်မြှင့်တင်ပြုပြင်တည်ဆောက်ပြီးသည့် အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာ အဆင့်မြှင့်အားကစားကွင်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုကြပြီး အားကစားကွင်း ရာနှုန်းပြည့် တည်ဆောက်ပြီးစီးမှု၊ လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ထားရှိမှု၊ မီတာ ၄၀၀ ပြေးလမ်းနှင့် Synthetic ခင်းခြင်း ဆောင်ရွက်ပြီးစီးမှုနှင့် အထူးတန်းပွဲကြည့်စင်အောက်တွင် အားကစားသမားများနားနေခန်း၊ အဝတ်လဲခန်း၊ သွေးပူလေ့ကျင့်ခန်း၊ သန့်စင်ခန်း၊ အုပ်ချုပ်ရေးမှူးရုံးခန်း၊ ဧည့်ခန်းများအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း ဖွင့်လှစ်ရေး၊ အဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲအောင် ကြပ်မတ်ဆောင်ရွက်သွားရေးတို့ကို မှာကြားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၈-၇-၂၀၂၂

**ရွှေ**

၅-၇-၂၀၂၂ ဈေးနှုန်း

| | | | |
|---|---|---|---|
| ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၂၀၅၈၀၀၀ |
| ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၃၆၉၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၀၆၅ ကျပ် | ၂၁၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၂၀ ကျပ် | ၂၁၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၈၂၅ ကျပ် | ၁၈၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၉၃၀ ကျပ် | ၁၉၈၀ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၈၇၀ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၃၁၈ . ၁ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၁ . ၃၅၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၃၆၁ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၁၇ . ၈၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၇၅ . ၈၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၃ . ၃၂၆ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၄၀၀ | ၇၄၀၀ | ၇၇ | ၅၆၉၈၀၀ |
| MTSH | ၂၆၅၀ | ၂၆၅၀ | ၃၀၈၄ | ၈၁၇၂၆၀၀ |
| MCB | ၇၃၀၀ | ၇၁၀၀ | ၃ | ၂၁၇၀၀ |
| FPB | ၁၇၅၀၀ | ၁၇၅၀၀ | ၁ | ၁၇၅၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၅၁၁ | ၁၂၇၇၅၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၆၈ | ၃၃၃၂၀၀ |

ညီညီ - စုစည်းသည်


## မြန်မာ့အလင်းနှင့်ရုပ်မြင်သံကြား

၉-၇-၂၀၂၂ စနေနေ့

**MRTV HD**

၀၆:၀၀ ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ်၊ အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ဒီမိုကရေစီဆိုသည်မှာ
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ လူငယ်ရေးရာအစီအစဉ်
၁၁:၄၅ တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
၁၂:၃၀ မြန်မာဇာတ်လမ်းတွဲ 'ကျွန်တော်ချစ်သောဖိန်းပများ' (အပိုင်း-၁၃)
၁၃:၃၀ MRTV National News
၁၆:၁၅ ပုံပြင်ကမ္ဘာအစီအစဉ် 'နှာခံထိုက်သူ'
၁၆:၄၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၇:၂၀ ရှုလေမြင်လေကမ္ဘာမြေ
၁၇:၄၀ တောင်ဘက်ပိုင်းတိုင်းအလှတနင်္သာရီမှ ပြည်ထောင်စုလမ်းမကြီးများ (အပိုင်း-၂)
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သုတဝေဖြာသီရိဝေဟာ
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့ လျှို့ဝှက်ချက်' (အပိုင်း-၁၀၄)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ (၃၀)ဖြာပဂံလာ (ဦးနန္ဒဝင်း ရေးသားပူဇော်တင်ဆက်သည်) 'အာရုတိပါပါ' နှင့် 'သန္တုဋ္ဌိစ'
၂၁:၅၀ ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်း

**mitv**

07:01 Evergreen Classic: Kyun NawtHtar Nay Bagan Pyay (Ye Htike)
07:08 Weekly Review
07:24 A Precious Gift from Waste
07:35 Htan Taw Drums (Part-I) "Osi"
07:48 Myanmar Family Life: Vital Food
08:00 Quiz Time
09:01 News
09:26 Global Partnership for Brighter Future: The African Union Pavilion at Expo 2020 Dubai
09:35 Travelogue: Trekking Around Kalaw Township
09:49 Fantastic Orchid Garden From The Flower City
10:02 Wet Markets of Yangon: Thirimingalar Market

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** အင်းရဲကျွန်းဒေသထွက်မျှင်ငါးပိ
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** ဘိုးဘိုးကြီးနှင့် ယုံကြည်ကိုးကွယ်မှု
**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)** ရာဇဗြိုဟ်ရေလှောင်တမံ
**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)** ထောပတ်သီးကြက်ဥလိပ်နှင့် ထောပတ်သီးကြက်ဥပေါင်း
**မွန် (၁၀:၀၀ မှ ၁၂:၀၀)** မွန်ရိုးရာတူရိယာ
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** ရခိုင်ပြည်မှ သဘာဝအလှများ
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** ရှမ်းဘာသာစကားပြောကြရအောင် (အပိုင်း-၅)
**ဝ (၁၆:၀၀ မှ ၁၈:၀၀)** ဝရိုးရာဝက်သားပဲနှပ်ဟင်းရည်
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)** မနောမြေမှ စွန့်ဦးတီထွင်သူနှင့် တွေ့ဆုံခြင်း
**ကယား (၂၀:၀၀ မှ ၂၂:၀၀)** ကယားတိုင်းရင်းသားတို့ရဲ့ရိုးရာစလေ့ ဆိုရိုးစကားများ (မိတ်ဆွေနှင့် ဆွေမျိုးအကြောင်း)
**ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)** တောင်ကျကျေးရွာသို့အလည်တစ်ခေါက်

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၁၅ အသွင်ဆန်းပြားဟိုကျင်းရွာမှ အာခါလူမျိုးများ
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကာကွယ်ခုခံပိုင်ခွင့်ရှိသော အပိုင်းအခြား'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၃)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (သီရိလင်္ကာနိုင်ငံ) (အပိုင်း-၂)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၃)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၄၀ ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်း
၀၇:၀၀ ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
၀၇:၁၅ တစ်ဖက်တစ်လမ်း (စိုက်ပျိုးရေးဇာတ်လမ်းတို)
၀၈:၀၀ ဆွေးနွေးကြမယ် စိုက်ပျိုးမွေးမြူနည်း အသွယ်သွယ်
၀၈:၁၀ ထိရောက်သောစိုက်ပျိုးရေး ပညာပေးအစီအစဉ် များဆီသို့
၀၉:၂၅ စီးပွားဖြစ်နေသည့်သခွားမွှေး GAP စနစ်ဖြင့်စိုက်ပျိုးပေး

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal



**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# မန္တလေးကွန်ပျူတာပညာရှင်အသင်းက ITPEC စာမေးပွဲ အထောက်အကူပြုသင်တန်းနှစ်ခု ဖွင့်လှစ်မည်

**ရန်ကုန် ဇူလိုင် ၈**

မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူးစစ်ဆေးလျက်ရှိသည့် ITPEC စာမေးပွဲ၏ အောက်တိုဘာလ စာမေးပွဲအတွက် အထောက်အကူပြု သင်တန်းနှစ်မျိုးကို မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက ဇူလိုင်လအတွင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက ဖွင့်လှစ်မည့် အထောက်အကူပြုသင်တန်းနှစ်မျိုးမှာ FE စာမေးပွဲနှင့် IT Passport စာမေးပွဲတို့အတွက်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလစီဖြစ်ကြောင်း၊ စာမေးပွဲများတွင် ဖြေဆိုအောင်မြင်သူများ တိုးတက်လာစေရန် ရည်ရွယ်၍ စာမေးပွဲအထောက်အကူပြု သင်တန်းများကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

FE စာမေးပွဲအတွက်အထောက်အကူပြုသင်တန်းကို တန်းခွဲ(A)နှင့် (B)ဟု နှစ်ခုခွဲ၍ ဖွင့်လှစ်မည်ဖြစ်ပြီး တန်းခွဲ(A)ကို ဇူလိုင် ၁၈ ရက်မှ စဖွင့်ကာ အပတ်စဉ် တနလ်ာမှ ကြာသပတေးနေ့အထိဖွင့်မည်ဖြစ်သည်။ တန်းခွဲ(B)ကို ဇူလိုင် ၁၅ ရက်မှ စဖွင့်မည်ဖြစ်ကာ အပတ်စဉ် သောကြာ၊ စနေနှင့် တနင်္ဂနွေနေ့များတွင် ဖွင့်လှစ်မည့် ရုံးချိန်လွတ်သင်တန်းဖြစ်သည်။ IT Passport စာမေးပွဲ အထောက်အကူပြုသင်တန်းကိုမူ အပတ်စဉ် တနလ်ာမှ ကြာသပတေးနေ့အထိ တက်ရမည့် တန်းခွဲတစ်ခုသာ ဖွင့်မည်ဖြစ်ပြီး ဇူလိုင် ၁၈ ရက်တွင် စဖွင့်မည်ဖြစ်သည်။ သင်တန်းများအတွက် သင်တန်းကြေးမှာ ကျပ်သုံးသိန်းဖြစ်ပြီး တစ်လလျှင် ကျပ်တစ်သိန်း ပေးသွင်းနိုင်ကြောင်း၊ သင်တန်းများကို မန္တလေးမြို့ ရွှေဖြူပလာဇာ၌ ဖွင့်လှစ်မည်ဖြစ်ပြီး အသေးစိတ်အချက်များကို ဖုန်း-၀၉ ၇၇၈၈၃၀၄၄၄ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

ITPEC စာမေးပွဲ သုံးမျိုးအနက် Fundamental IT Engineer(FE)နှင့် IT Passport(IP) စာမေးပွဲများသည် နည်းပညာဆိုင်ရာ အခြေခံဗဟုသုတရှိပြီး နည်းပညာနှင့်သက်ဆိုင်သော လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသူများအတွက် ရည်ရွယ်၍ စစ်ဆေးသော စာမေးပွဲများဖြစ်ကာ မြန်မာနိုင်ငံမှ ဖြေဆိုသူ များပြားသော စာမေးပွဲများလည်းဖြစ်သည်။

ITPEC စာမေးပွဲများကို တစ်နှစ်နှစ်ကြိမ် ဧပြီလနှင့် အောက်တိုဘာလတွင် စစ်ဆေးပြီး ပြီးခဲ့သော ၂၀၂၁ ခုနှစ်အတွင်း နှစ်ကြိမ်လုံး စစ်ဆေးနိုင်ခြင်းမရှိခဲ့ဘဲ ယခုနှစ် ဧပြီလတွင်မှ ပြန်လည်စစ်ဆေးနိုင်ခဲ့ပြီး IT Passport စာမေးပွဲတွင် ၃၁၃ ဦးနှင့် FE စာမေးပွဲတွင် ၂၃၈ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။

**ကိုစိုး**

## နှစ်ခြမ်းခွဲသုံးနိုင်သည့် Split Keyboard လုပ်ဆောင်ချက်သစ်ကို Gboard တွင် စတင်မိတ်ဆက်

**ရန်ကုန် ဇူလိုင် ၈**

မိုဘိုင်းဖုန်းများတွင်သုံးသည့် ကီးဘုတ်များအနက် ကမ္ဘာပေါ်တွင်ရော မြန်မာနိုင်ငံ၌ပါ အသုံးပြုသူအများဆုံးဖြစ်သည့် Gboard က မျက်နှာပြင်ကို ခေါက်နိုင်သော(Foldable)ဖုန်းများနှင့် တက်ဘလက်များတွင် စာရိုက်ရာတွင် ပို၍အဆင်ပြေစေမည့် Split Keyboard လုပ်ဆောင်ချက်သစ်ကို စတင်ထည့်သွင်းပေး လိုက်ပြီဖြစ်သည်။

Split Keyboard လုပ်ဆောင်ချက်သည် သာမန်ဖုန်းများကို အသုံးပြုနေသူများအတွက် လိုအပ်သော လုပ်ဆောင်ချက်မဟုတ်ဘဲ ခေါက်နိုင်သောဖုန်းများနှင့် တက်ဘလက်များတွင် လက်နှစ်ဖက်ဖြင့် စာရိုက်သူများအတွက်သာ အသုံးဝင်သော ကီးဘုတ်ကို နှစ်ခြမ်းခွဲဖော်ပြပေးသည့် လုပ်ဆောင်ချက်ဖြစ်သည်။

အဆိုပါ Split Keyboard လုပ်ဆောင်ချက်မှာ ဇွန် ၃၀ ရက်က ထွက်ရှိလာသော Gboard စမ်းသပ်ဗားရှင်းအသစ်ဖြစ်သည့် ဗားရှင်း 11.9.04 တွင် စတင်ပါဝင်လာခြင်းဖြစ်သည်။ သို့သော် ယခုထွက်လာသည့် ဘီတာဗားရှင်းကို ခေါက်ဖုန်းအားလုံးနှင့် တက်ဘလက်အားလုံးတွင် အသုံးပြုနိုင်မည်မဟုတ်ဘဲ ဆမ်ဆောင်း၏ ခေါက်ဖုန်းများဖြစ်သည့် Galaxy Fold, Galaxy Z Fold 2 နှင့် Galaxy Z Fold 3 မော်ဒယ်သုံးမျိုးတွင်သာ အသုံးပြုနိုင်ကြောင်း၊ နောက်ပိုင်းတွင် အခြားဖုန်းမော်ဒယ်များပါ အသုံးပြုနိုင်ဖွယ်ရှိကြောင်း နိုင်ငံတကာမှ နည်းပညာကျွမ်းကျင်သူများ၏ သုံးသပ်ချက်အရ သိရသည်။ အဆိုပါ ဆမ်ဆောင်းခေါက်ဖုန်း မော်ဒယ်သုံးမျိုးကို သုံးနေသူများအနေဖြင့် Split Keyboard လုပ်ဆောင်ချက်ကို အသုံးပြုလိုပါက Gboard ဗားရှင်း 11.9.04 ကို အပ်ဒိတ်လုပ်ပြီး Toolbar ပေါ်တွင်ရှိသော Split Keyboard icon ကို နှိပ်လိုက်ရုံဖြင့် Split Keyboard ကို အသုံးပြုနိုင်မည်ဖြစ်သည်။



Split Keyboard လုပ်ဆောင်ချက်သည် Google ကထုတ်လုပ်သည့် Gboard ကီးဘုတ်များတွင် ယခုမှ ပထမဆုံးအနေဖြင့် စတင်ပါဝင်လာသော်လည်း အခြားသော နိုင်ငံတကာမှ ဘာသာစကားအမျိုးမျိုးဖြင့် အသုံးပြုသည့် မိုဘိုင်းဖုန်းကီးဘုတ်များတွင်မူ ယခင်ကပင် တက်ဘလက်အသုံးပြုသူများအတွက် နှစ်ခြမ်းခွဲသုံးနိုင်သော ကီးဘုတ်ဗားရှင်းများ ထုတ်လုပ်ထားပြီးဖြစ်သည်။

**ကိုစိုး၊ ကိုးကား – Sammobile**

## Knowledge

### မိုဘိုင်းဖုန်းတွေရဲ့ အသက်လို့ ဆိုနိုင်တဲ့ Chipset သို့မဟုတ် SoC

မိုဘိုင်းဖုန်းတွေမှာ ကွန်ပျူတာတွေမှာလိုပဲ (Central Processing Unit–CPU) ပါဝင်ပါတယ်။ ဖုန်းတွေရဲ့အချက်အလက်ဖော်ပြတဲ့ ဝက်ဘ်ဆိုက်အများစုမှာတော့ Chipset လို့ ရေးကြပါတယ်။ ကွန်ပျူတာတွေရဲ့ CPU လို မားသားဘုတ်ပေါ်မှာ ဖြုတ်/တပ်နိုင်အောင် ဆင်ထားတာမဟုတ်ဘဲ ဘုတ်နဲ့တွဲထားပြီး System တစ်ခုလုံးကို Chip ပေါ်မှာ ရေးထားတာကြောင့် (System on Chip–SoC)လို့လည်း ခေါ်ကြပါတယ်။ ဖုန်းတစ်လုံးရဲ့ စွမ်းဆောင်ရည်ကို အဓိက အဆုံးအဖြတ်ပေးတာကြောင့် ဖုန်းဝယ်တော့မယ်ဆိုရင် မဖြစ်မနေ ဂရုစိုက်ကြည့်သင့်တဲ့အချက်ဖြစ်ပါတယ်။

ဖုန်းအမျိုးအစားအလိုက် SoC တွေ ကွာခြားပြီး လူသိများတဲ့ SoC တွေကတော့ အန်းဒရွိုက်ဖုန်းတံဆိပ်အမျိုးမျိုးရဲ့ တန်ဖိုးမြင့်ဖုန်းတွေမှာ အသုံးများတဲ့ Qualcomm Snapdragon ၊ အလယ်အလတ်ဖုန်းတွေမှာ အသုံးများတဲ့ MediaTek ၊ ဟွာဝေးနဲ့ Honor ဖုန်းတွေမှာ သီးသန့်သုံးတဲ့ HiSilicon Kirin ၊ ဆမ်ဆောင်းဖုန်းတွေမှာ သီးသန့်သုံးတဲ့ Exynos တို့ဖြစ်ပါတယ်။ Apple ရဲ့ iPhone တွေမှာတော့ Bionic လို့ခေါ်တဲ့ SoC ကို သီးသန့်သုံးပါတယ်။

**ကိုစိုး**

## ယခုနှစ် ပထမ သုံးလပတ်အတွက် TikTok ၏ လူမှုအသိုင်းအဝိုင်းဆိုင်ရာ ကြီးကြပ်မှု အစီရင်ခံစာထုတ်ပြန်

**ရန်ကုန် ဇူလိုင် ၈**

၂၀၂၂ ခုနှစ် ပထမ သုံးလပတ်အတွက် TikTok ၏ လူမှုအသိုင်းအဝိုင်း လမ်းညွှန်ချက်များဆိုင်ရာ ကြီးကြပ်မှု အစီရင်ခံစာကို TikTok က ဇွန် ၃၀ ရက်တွင် ထုတ်ပြန်ကြေညာသည်။ TikTok အနေဖြင့် အသုံးပြုသူအားလုံး ဘေးကင်းလုံခြုံမှုရှိသော ဖျော်ဖြေရေးဆိုင်ရာ ပလက်ဖောင်းအဖြစ် ဆက်လက်ထိန်းသိမ်းရန် ယခုလို သုံးလပတ်အစီရင်ခံစာကို ပုံမှန်ထုတ်ပြန်ခြင်းဖြစ်ကြောင်း သိရသည်။

အစီရင်ခံစာတွင် TikTok က သုံးလတစ်ကြိမ် မူဝါဒအလိုက် ဖယ်ရှားလိုက်သည့် ဗီဒီယိုများ၊ ဆယ်ကျော်သက်များအတွက် ဘေးကင်းလုံခြုံရေးအတွက် ဆောင်ရွက်မှုများ၊ နိုင်ငံအလိုက် ဖယ်ရှားသည့် ဗီဒီယိုများ၊ သုံးလတစ်ကြိမ် ဖယ်ရှားလိုက်သည့် အကောင့်များ၊ Spam ဖြစ်စေသည်ဟု သတ်မှတ်ထားသော အကောင့်များနှင့် ထိုအကောင့်များမှ တင်သော Spam ဗီဒီယိုများကို ဖယ်ရှားမှုများ စသည်တို့ကို ဇယားများဖြင့် ဖော်ပြထားသည်။

ထို့အပြင် TikTok ၏ မူဝါဒအရ ကြိုတင်ဖယ်ရှားခြင်းခံရသည့် အကြောင်းအရာများ၊ မည်သူမှမကြည့်ရသေးမီ ဖယ်ရှားလိုက်သော အကြောင်းအရာများနှင့် ၂၄ နာရီမတိုင်မီအတွင်း ဖယ်ရှားလိုက်သည့် အကြောင်းအရာများကိုလည်း ရာခိုင်နှုန်းများဖြင့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

TikTok အနေဖြင့် ယူကရိန်းစစ်ပွဲကာလအတွင်း မူရင်းအတိုင်းမဟုတ်သော တိုက်ရိုက်ထုတ်လွှင့်မှုများနှင့် ဗီဒီယိုများမှတစ်ဆင့် လူမှုအသိုင်းအဝိုင်းအား လိမ်လည်လှည့်စားရန်ကြိုးပမ်းသည့် အကောင့်များကို ပိုမိုလျင်မြန်သည့် အရေးယူမှုများပြုလုပ်နိုင်ရန် ရှာဖွေဖော်ထုတ်သည့် နည်းများကိုလည်း စဉ်ဆက်မပြတ် ပြောင်းလဲခဲ့ကြောင်း၊ TikTok ၏ ယူကရိန်းစစ်ပွဲဆိုင်ရာ အထူးပြုစိစစ်သောအဖွဲ့အနေဖြင့် ဗီဒီယို ၄၁၁၉၁ ခုကို ဖယ်ရှားခဲ့ပြီး ယင်းတို့အနက် ၈၇ ရာခိုင်နှုန်းမှာ သတင်းမှားများကို ဖော်ပြခဲ့ကြောင်း၊ ယင်းဗီဒီယိုများမှ ၇၈ ရာခိုင်နှုန်းကို TikTok က ကြိုတင်ဖော်ထုတ်နိုင်ခဲ့ကြောင်းလည်း အစီရင်ခံစာတွင် ဖော်ပြချက်အရ သိရသည်။

ထို့အပြင် TikTok သည် ကြော်ငြာမူဝါဒ ကြီးကြပ်မှုအရ ယခုနှစ်တွင် ဖယ်ရှားလိုက်သည့် ကြော်ငြာအရေအတွက် စုစုပေါင်းသည် တိုးမြင့်သွားခဲ့ကြောင်း၊ ကြော်ငြာတစ်ခုချင်းဖြစ်စေ၊ ကြော်ငြာအကောင့်တစ်ခုလုံးအပေါ် အရေးယူခြင်းဖြင့် အစုလိုက်အပြုံလိုက်ဖြစ်စေ ဖယ်ရှားခြင်းများ ပြုလုပ်ခဲ့ကြောင်းနှင့် ဖယ်ရှားလိုက်သည့် အရေအတွက်များကို အစီရင်ခံစာတွင် ဖော်ပြထားသည်။

TikTok အနေဖြင့် အစီရင်ခံစာများကို သုံးလတစ်ကြိမ် ထုတ်ပြန်လျက်ရှိပြီး သုတေသနပြုစုသူများ၊ ပညာရှင်များနှင့် အရပ်ဘက် အဖွဲ့အစည်းများအနေဖြင့် ပိုမို ခွဲခြမ်းစိတ်ဖြာ လေ့လာနိုင်ရန် အစီရင်ခံစာများကို ဒေါင်းလုပ်ဆွဲ ရယူနိုင်မည်ဖြစ်ကြောင်း TikTok ၏ မြန်မာဘာသာဖြင့်ထုတ်ပြန်သည့် သတင်းခန်း ဝက်ဘ်စာမျက်နှာတွင် ဖော်ပြထားသည်။

**ကျော်ဇင်ဦး**

## ဆမ်ဆောင်းက ဖုန်းမော်ဒယ်ကိုးမျိုးအတွက် ငွေပြန်အမ်းမည့် ပရိုမိုးရှင်းအစီအစဉ်ပြုလုပ်

**ရန်ကုန် ဇူလိုင် ၈**

ဆမ်ဆောင်းဖုန်း မော်ဒယ် ၁၁ မျိုးကို ဝယ်ယူသူများအတွက် ဖုန်းမော်ဒယ်အလိုက် အနည်းဆုံး ကျပ်နှစ်သောင်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေပြန်အမ်းမည့် ပရိုမိုးရှင်းအစီအစဉ်တစ်ခုကို ဇွန် ၂၇ ရက်မှ ဇူလိုင် ၁၀ ရက်အထိ ပြုလုပ်လျက်ရှိသည်။

ထိုအစီအစဉ်အရ ပြန်အမ်းငွေရရှိနိုင်မည့် ဖုန်းမော်ဒယ်များမှာ Galaxxy Z Fold 3 နှင့် S22 ultra ဖုန်းများက ပြန်အမ်းငွေ ကျပ်သုံးသိန်း၊ S22+ ဖုန်းများက ပြန်အမ်းငွေ ကျပ်နှစ်သိန်း၊ S22 က ပြန်အမ်းငွေ ကျပ်တစ်သိန်းခွဲ၊ A73 5G က ပြန်အမ်းငွေ ကျပ်ခြောက်သောင်း၊ A53 5G နှင့် A33 5G ဖုန်းများက ပြန်အမ်းငွေ ကျပ်ငါးသောင်း၊ M33 5G က ပြန်အမ်းငွေ ကျပ်လေးသောင်း၊ A23 က ပြန်အမ်းငွေ ကျပ် ၃၅၀၀၀၊ A13 က ပြန်အမ်းငွေ ကျပ်သုံးသောင်းနှင့် A03 က ပြန်အမ်းငွေ ကျပ်နှစ်သောင်းတို့ကို ရရှိမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇင်ဦး**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများကို လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် ဖားကန့်မြို့နယ် အထက်မလင်းချောင်းကျေးရွာနေသူများဖြစ်သည့် ဇော်ဇင်ဦး၊ ရီနွယ်ထွန်း(ခ) ဘုတ်အီးနှင့် နန်းမင်းထွန်းတို့ သုံးဦးသည် ၎င်းတို့အသုံးပြုသည့် “Zaw Zin Oo” Facebook အကောင့်၊ “Ye New Htun” Facebook အကောင့်နှင့် “Nann Min Htun” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့ အမှတ်(၁) ရပ်ကွက်နေ ထက်နိုင်ဦးသည် ၎င်းအသုံးပြုသည့် “Htet Naing Oo” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူ လုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်



**နေပြည်တော် ဇူလိုင် ၈**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်နှင့် မတ္တရာမြို့နယ်တို့မှ PDF အဖွဲ့ဝင်များအား ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ ထပ်မံလွှဲပြောင်းပေးအပ်ခြင်းကို ယနေ့တွင် စဉ့်ကူးမြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် သပိတ်ကျင်းတပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးချုပ် အောင်အောင်နှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တပ်နယ်မှူးနှင့် တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော စဉ့်ကူးမြို့နယ်နှင့် မတ္တရာမြို့နယ်တို့မှ PDF အဖွဲ့ဝင်အမျိုးသားနှစ်ဦးကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘ အုပ်ထိန်းသူများထံသို့ လွှဲပြောင်း အပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၃) ရှမ်းယူနိုက်တက်နှင့် ရတနာပုံ တွေ့ဆုံ

**ရန်ကုန် ဇူလိုင် ၈**

MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃) အဖြစ် ဇူလိုင် ၉ ရက်တွင် အား/ကာသိပ္ပံအသင်းနှင့် ဟံသာဝတီအသင်း၊ ဇူလိုင် ၁၀ ရက်တွင် မဟာယူနိုက်တက်နှင့် ဧရာဝတီအသင်း၊ ဇူလိုင် ၁၁ ရက်တွင် ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်း၊ ဇူလိုင် ၁၃ ရက်တွင် GFA အသင်းနှင့် မြဝတီအသင်း၊ ဇူလိုင် ၁၄ ရက်တွင် ရခိုင်အသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပွဲစဉ်(၂)အပြီးတွင် နှစ်ပွဲဆက် အနိုင်ရထားသည့်အသင်း နှစ်သင်းသာရှိပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းတို့ အနိုင်ရထားခြင်း ဖြစ်သည်။ ယခုတစ်ပတ်၏ စိတ်ဝင်စားစရာ အကောင်းဆုံးပွဲမှာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်နှင့် နာမည်ကြီး ရတနာပုံအသင်းတို့ ထိပ်တိုက်တွေ့ဆုံသည့်ပွဲဖြစ်သည်။ ဇယားထိပ်ဆုံး ဆက်လက်ဦးဆောင်နိုင်ရန် ယခုပွဲကို မဖြစ်မနေ အနိုင်ကစားရမည်ဖြစ်သည်။ ရတနာပုံအသင်းသည် ပွဲစဉ်(၂)တွင် ရန်ကုန်ကို အရေးနိမ့်ခဲ့သဖြင့် အမှတ်ရရန် ရုန်းကန်မည်ဖြစ်ရာ ပြိုင်ဆိုင်မှု ပြင်းထန်ဖွယ်ရှိနေသည်။ အား/ကာသိပ္ပံနှင့် ဟံသာဝတီအသင်းတို့ တွေ့ဆုံမှုမှာလည်း ပွဲကောင်းတစ်ပွဲဖြစ်လာနိုင်ပြီး အမှတ်ရရေး ရုန်းကန်မည့်အသင်းများကြောင့် ပွဲတိုင်းမှာ စိတ်ဝင်စားဖွယ်ကောင်းနေသည်။

**ရဲရင့်လွင်**

# အာဆီယံအမျိုးသမီးပြိုင်ပွဲ အုပ်စုပွဲအဖြစ် မြန်မာနှင့် ကမ္ဘောဒီးယား ယနေ့ကစားမည်

**ရန်ကုန် ဇူလိုင် ၈**

ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (ခ) တတိယနေ့ကို ဇူလိုင် ၉ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ကမ္ဘောဒီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စု (ခ) တတိယနေ့အဖြစ် ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာနှင့်ကမ္ဘောဒီးယား၊ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ဗီယက်နမ်နှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဇူလိုင် ၇ ရက် ပွဲစဉ်များအပြီးတွင် အုပ်စု(ခ)၌ လာအိုအသင်းက နှစ်ပွဲကစား လေးမှတ်၊ မြန်မာနှင့် ဗီယက်နမ်အသင်းက တစ်ပွဲကစား သုံးမှတ်၊ ကမ္ဘောဒီးယားအသင်းက နှစ်ပွဲကစား တစ်မှတ်ရရှိထားကာ တီမောအသင်းမှာမူ နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မြန်မာအသင်းသည် အုပ်စုပထမပွဲတွင် တီမောအသင်းကို ခုနစ်ဂိုးပြတ် အနိုင်ရထားပြီး သုံးရက်နားပြီးနောက် ယခုပွဲကစားရခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ကမ္ဘောဒီးယားအသင်းနှင့် ယှဉ်ပြိုင်ပြီးပါက လာအို၊ ဗီယက်နမ်တို့နှင့် ထပ်မံကစားရမည်ဖြစ်သည်။

မြန်မာနှင့် ကမ္ဘောဒီးယားအမျိုးသမီး ဘောလုံးအနေအထားအရ မြန်မာအသင်းသည် နိုင်ပွဲထပ်မံရယူနိုင်ရန် သေချာသလောက်ရှိနေသည်။ ကမ္ဘောဒီးယားအမျိုးသမီးအသင်းသည် နိုင်ငံတကာပြိုင်ပွဲများတွင် ပြီးခဲ့သည့် နှစ်အနည်းငယ်မှသာ စတင်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး အတွေ့အကြုံပိုင်းတွင် မြန်မာအသင်းနှင့်ယှဉ်ပါက ကွာခြားနေခြင်းဖြစ်သည်။ ကမ္ဘောဒီးယားအသင်းသည် လာအိုအသင်းနှင့် တစ်ဂိုးစီ သရေကျပြီး ဗီယက်နမ်အသင်းကို သုံးဂိုးပြတ်အရေးနိမ့်ထားသည်။

**ရဲရင့်လွင်**

# တရားမဝင် လူသုံးကုန်၊ စားသောက်ကုန်နှင့် လိုင်စင်မဲ့ဆိုင်ကယ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၈**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ထီးတန်းဆိပ်ကမ်းကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တစ်ဖက်နိုင်ငံ၏ ပို့မှာကင်းရှင်းကြောင်း ထောက်ခံချက် (P.R.A Test Risk Analysis) မရရှိသဖြင့် ပိုင်ရှင်မဲ့ စွန့်လွှတ်ကြောင်း တင်ပြလာသည့် သီဟိုဠ်စေ့ ၆၁၄၄၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၆၀၄၈၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း၌ လှည့်ကင်းစစ်ဆေးရေး ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မှ မန္တလေးသို့ မောင်းနှင်လာသော ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID) တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော ကြွေပန်းကန်လုံးများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့နယ်အတွင်း CANDA 125 အမျိုးအစား လိုင်စင်မဲ့ဆိုင်ကယ်တစ်စီးနှင့် Scoopy အမျိုးအစား လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၅ ရက်၊ ၇ ရက်နှင့် ၈ ရက်များတွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲလေးမှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၃၉၀၄၈၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ သိရသည်။

**သတင်းစဉ်**

## အမည်ပြောင်း

မြောင်းမြမြို့နယ်၊ ဘူဒင်းကွင်း ရေကျော်ကျေးရွာအုပ်စု၊ ရေကျော်ကျေးရွာနေ (ဘ) ဦးတင်ငွေး ၏သမီးဖြစ်သူ ပုသိမ်တက္ကသိုလ်မှ (သချၤာပထမနှစ်) မအားမာန်ပြည့်စုံ ၁၄/မမန(နိုင်) ၃၅၃၉၈၄ အား ယနေ့မှစ၍ မဖူးသစ်ပြည့် ဟု ပြောင်းလဲခေါ်ပါရန်။

**မဖူးသစ်ပြည့်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9K/3013, Toyota Crown GS171 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးဝင်း ၅/ကလတ(နိုင်)၀၀၉၉၆၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/55089, Honda Scoobyi 110 ယာဉ်လက်ဝယ်ရှိသူ AUNG KHAING SOE MOE Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ပျောက်ဆုံးကြောင်း

စိမ်းရွက်နုကုမ္ပဏီ (လိုင်စင်အမှတ်–103198275) ID များ 24.5.2020 (A03377), 18.5.2020 (A30544),17.11.2019(125175), 30.8.2020 (A46112)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၂၀၀၅၃၅၇

# စာအုပ် စာပေ လူ့ မိတ်ဆွေ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁/ တိုး:ချဲ့)၊ ပိတောက်လမ်း၊ မြေကွက်အမှတ် (I-7)(ခ)၊ အကျယ်အဝန်း(၀.၁၅၀)ဧကရှိ ဒေါ်ခင်ညို(ခ)ပတ္တမြားခင် (၁၂/မဂတ (နိုင်)၀၃၁၁၆၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်ညို (ခ) ပတ္တမြားခင် (၁၂/မဂတ (နိုင်) ၀၃၁၁၆၁) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

**ဦးခင်မောင်ဦး**
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)
Hein Htet San Law Firm

**ဒေါ်လင်းလင်းထက်**
LL.B,
အထက်တန်းရှေ့နေ(စဉ်–၄၈၃၃၈)
၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆

# သွေးသည် အသက်

## ပျောက်ဆုံးကြောင်း

ကျွန်မ မရီရီဝင်း ၅/ပလန(နိုင်) ၀၈၅၆၈၉၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၅၂၀၅၀၈၉၀

## ပျောက်ဆုံးကြောင်း

ကျွန်မ မသူဇာခိုင် ၅/ပလန(နိုင်) ၁၀၉၄၀၅၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၄၅၂၀၅၀၈၉၀

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ရှိုင်းထက်ဇော် ၅/ဝလန(နိုင်)၁၆၉၄၉၁၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၇၉၈၁၁၄၂၉၁

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/44874, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးနေလင်းဦး ၁၄/အမန(နိုင်)၁၄၈၈၂၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး (ပုသိမ်မြို့)**

## အမည်မှန်နှင့် ဖခင်အမည်မှန်

ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကျိုက်ဒုံမြို့၊ လန်းဖားကျေးရွာ၊ လန်းဖားကျေးရွာနေ စောခလိန်းကျော်ကျော်၏ အမည်မှန်မှာ စခလိန်းကျော်ကျော် ဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးလှထွန်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပုဏ္ဏားကျွန်းမြို့နယ်၊ ကြံခင်းကျေးရွာနေ ၂၀၂၁–၂၀၂၂ ပညာသင်နှစ် ယိုးတရုတ် အထက တက္ကသိုလ်ဝင်တန်းအောင်မှ မောင်ဇော်မင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးစံကျော်သန်း ၁၁/ပဏတ(နိုင်)၀၂၂၀၂၇ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ကျွန်းလှမြို့နယ်၊ ရေယိမ်းကျေးရွာနေ ဦးထွန်းရွှေ၏သမီး မတင်ဆန်းလင်း ၅/ကလန(နိုင်)၀၃၆၈၆၈၏ မွေးသက္ကရာဇ်အမှန်မှာ ၉–၁–၁၉၈၇ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုမျိုးအောင် ၅/ကလန(နိုင်)၀၄၀၈၇၇၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

ဖုန်း–၀၉–၄၀၁၅၃၆၀၂၈

## ပျောက်ဆုံးကြောင်း

ကျွန်မ မစုမာဝေ ၅/ကနန(နိုင်) ၁၀၉၁၁၃၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၂၄၃၆၉၃၉၄

## အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ ညောင်ပင်သာရပ်ကွက်နေ ဦးခင်မောင်ငွေး ၅/ကလထ(နိုင်) ၀၁၄၀၂၁နှင့် ဒေါ်ဆွေမာဝင်း ၅/ကလထ(နိုင်) ၀၁၄၀၂၂ တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ အိမ်အမှတ်(၂၃)၊ နယ်မြေ(၃)၊ နတ်စင်လမ်း၊ (ဘုရားသုံးဆူအရှေ့ပိုင်း)၊ ညောင်ပင်သာရပ်ကွက်ရှိ အရှေ့လားသော်–ဒေါ်ညို၊ အနောက်လားသော်–နတ်စင်လမ်း၊ တောင်လားသော်–ဒေါ်ခိုင်ဇာမွန်၊ မြောက်လားသော်– ဒေါ်ညို အလားလေးရပ်အတွင်းရှိ အလျား–၅၅ပေ၊ အနံ–၃၅ပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၄x၃)ပင် နံကပ်(၂)ထပ် အဆောက်အအုံတို့သည် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဦးခင်မောင်ငွေးနှင့် ဒေါ်ဆွေမာဝင်းတို့ ဇနီးမောင်နှံပိုင်ဆိုင် ပြီး လက်ရှိနေထိုင်လျက်ရှိပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အအုံတို့အား ကျွန်ုပ်မိတ်ဆွေများ၏သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အာမခံတင်သွင်းခြင်း အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းပေးအပ်ခြင်းများ မပြုလုပ်ပါရန် အသိပေးတားမြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေများ၏ သဘောတူခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အာမခံတင်သွင်းခြင်း အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းပေးအပ်ခြင်းများပြုလုပ်ခဲ့ပါက ပြုလုပ်သူနှင့် လက်ခံသူများအပေါ် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသည့် ဦးခင်မောင်ငွေးနှင့် ဒေါ်ဆွေမာဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ–

**ဒေါ်ဂျူးဂျူးနိုင်**
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၁၀၂/၁၉)
အမှတ်(၁/၁)၊ ဘုရင့်နောင်လမ်း၊
အောင်ဇေယျရပ်ကွက်၊ ကလေးမြို့

**ဦးပိုင်စိုး**
အထက်တန်းရှေ့နေ(စဉ်–၄၇၇၆၄)
အမှတ်(၇၀/၂)၊ ဘောဂလမ်း၊
အောင်သစ္စာရပ်ကွက်၊ ကလေးမြို့


## ဗီယက်နမ်ကို အရေးနိမ့်ပြီး အာဆီယံ ယူ-၁၉ ပြိုင်ပွဲ အုပ်စုအဆင့်မှ မြန်မာအသင်း ထွက်ခဲ့ရ



၂၀၂၂ အာဆီယံ ယူ–၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (က) စတုတ္ထနေ့ကို ဇူလိုင် ၈ ရက်က အင်ဒိုနီးရှားနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် ဗီယက်နမ်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အရေးနိမ့်ပြီး အုပ်စုမှထွက်ရန် သေချာသွားခဲ့သည်။ အုပ်စုကျပ်အတွင်း ကျရောက်ခဲ့သည့် မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရေး အဓိကပြိုင်ဘက်များနှင့်တွေ့ဆုံရာတွင် ရလဒ်ကောင်းရယူနိုင်ခြင်းမရှိသဖြင့် လက်ကျန်တစ်ပွဲအလိုတွင် အုပ်စုအဆင့်မှထွက်ရန် သေချာသွားခဲ့ခြင်းဖြစ်သည်။

ယခုပွဲမှာ ဆီမီးဖိုင်နယ်တက်ရောက်ရေး အရေးပါသည့်ပွဲဖြစ်သော်လည်း ဗီယက်နမ်ကိုအရေးနိမ့်ခဲ့သည့်အပြင် ထိုင်းအသင်းကလည်း ဘရူနိုင်းကို အနိုင်ရခဲ့သဖြင့် မြန်မာအသင်းအနေဖြင့် အင်ဒိုနီးရှားနှင့်ကစားရန်ကျန်သေးသော်လည်း အုပ်စုအဆင့်မှ ထွက်ရန် သေချာသွားခြင်းဖြစ် သည်။ မြန်မာအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး ဟိန်းထက်စိုး(ဂိုး) လန်းဆန်းအောင်၊ အာကာကျော်၊ ဇော်ဝင်းသိန်း၊ ချစ်အေး၊ မိုးဆွေ၊ လမင်းထွေး၊ ဟိန်းဇော်နိုင်၊ ထွန်းထွန်းသိန်း၊ ဥက္ကာကျော်၊ ခန့်ဇင်ဟိန်းတို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ပွဲအစမှာပင် ဂိုးပေးလိုက်ရသဖြင့် ခက်ခက်ခဲခဲကစားခဲ့ရသည်။ ပွဲအစသုံးမိနစ်တွင် သွင်းယူသည့် ငုယင်ကွမ်ဗီယက်၏ ဂိုးဖြင့် ပထမပိုင်းအပြီးတွင် ဗီယက်နမ်အသင်းက အနိုင်ရနေသည်။ မြန်မာအသင်းသည် ပထမပိုင်းကတည်းက ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့သော်လည်း အဆုံးသတ် အားနည်းမှုကြောင့် ရှုံးကန်ခဲ့ရပြီး ၅၃ မိနစ်တွင် ဗန်ခိုင်၊ မိနစ် ၉၀ တွင် ငုယင်ကွမ်ဗီယက်တို့က ဗီယက်နမ်အတွက် ဂိုးများသွင်းယူခဲ့သည်။ မြန်မာအသင်းအတွက် နှစ်သိမ့်ဂိုး တစ်ဂိုးကို ၉၀+၄ မိနစ်တွင် လမင်းထွေးက သွင်းယူခဲ့သည်။

မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဇူလိုင် ၁၀ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် လေးပွဲကစား ခြောက်မှတ်သာရရှိပြီး ထိုင်းနှင့် ဗီယက်နမ်အသင်းတို့မှာ လေးပွဲကစား ၁၀ မှတ်စီရရှိထားသည်။

သတင်း – ရဲရင့်လွင်
ဓာတ်ပုံ – MFF

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## အငယ်တန်းအင်ဂျင်နီယာ–၂ ရာထူး (၃၆)နေရာအတွက် ရေးဖြေစာမေးပွဲဖြေဆို အောင်မြင်သူများစာရင်း ထုတ်ပြန်ကြော်ငြာခြင်း
## ကြော်ငြာစာအမှတ် ( ၁၂၃ /၂၀၂၂ )
## ( ၁၃၈၄ ခုနှစ် ဝါဆိုလဆန်း ၁၁ ရက် )

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း လက်အောက်တွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ်(၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀)တန်း၊ အငယ်တန်း အင်ဂျင်နီယာ–၂ ရာထူး (၃၆)နေရာများတွင် ခန့်ထားရန် (၂.၇.၂၀၂၂)ရက်နေ့တွင် ပြုလုပ်ခဲ့သော ရေးဖြေစာမေးပွဲ၌ အောင်မြင်ခဲ့သူများ၏ စာရင်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည် –

(က) (၁၄.၇.၂၀၂၂)ရက် ၊ ကြာသပတေးနေ့ ၊ နံနက်(၁၀:၀၀)နာရီ အချိန်တွင် လူတွေ့စစ်ဆေးမည့် EP ခုံအမှတ်များ (၃၀)ဦး

| စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | EP–2 | ၂ | EP–3 | ၃ | EP–4 | ၄ | EP–5 | ၅ | EP–6 |
| ၆ | EP–7 | ၇ | EP–9 | ၈ | EP–10 | ၉ | EP–11 | ၁၀ | EP–15 |
| ၁၁ | EP–16 | ၁၂ | EP–17 | ၁၃ | EP–18 | ၁၄ | EP–20 | ၁၅ | EP–24 |
| ၁၆ | EP–27 | ၁၇ | EP–28 | ၁၈ | EP–31 | ၁၉ | EP–32 | ၂၀ | EP–33 |
| ၂၁ | EP–35 | ၂၂ | EP–43 | ၂၃ | EP–45 | ၂၄ | EP–46 | ၂၅ | EP–47 |
| ၂၆ | EP–48 | ၂၇ | EP–49 | ၂၈ | EP–54 | ၂၉ | EP–55 | ၃၀ | EP–56 |

(ခ) (၁၅.၇.၂၀၂၂)ရက် ၊ သောကြာနေ့ ၊ နံနက်(၁၀:၀၀)နာရီ အချိန်တွင် လူတွေ့စစ်ဆေးမည့် EP ခုံအမှတ်များ (၁၇)ဦး

| စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | EP–59 | ၂ | EP–61 | ၃ | EP–63 | ၄ | EP–65 | ၅ | EP–67 |
| ၆ | EP–68 | ၇ | EP–78 | ၈ | EP–79 | ၉ | EP–81 | ၁၀ | EP–83 |
| ၁၁ | EP–88 | ၁၂ | EP–91 | ၁၃ | EP–96 | ၁၄ | EP–97 | ၁၅ | EP–99 |
| ၁၆ | EP–100 | ၁၇ | EP–103 | | | | | | |

EC ခုံအမှတ်များ (၁၃)ဦး

| စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | EC–2 | ၂ | EC–4 | ၃ | EC–6 | ၄ | EC–8 | ၅ | EC–9 |
| ၆ | EC–10 | ၇ | EC–11 | ၈ | EC–12 | ၉ | EC–13 | ၁၀ | EC–14 |
| ၁၁ | EC–16 | ၁၂ | EC–20 | ၁၃ | EC–22 | | | | |

( ဂ ) (၁၆.၇.၂၀၂၂)ရက် ၊ စနေနေ့ ၊ နံနက် (၁၀:၀၀)နာရီ အချိန်တွင် လူတွေ့စစ်ဆေးမည့် EC ခုံအမှတ်များ (၇)ဦး

| စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | EC–23 | ၂ | EC–24 | ၃ | EC–25 | ၄ | EC–26 | ၅ | EC–27 |
| ၆ | EC–28 | ၇ | EC–29 | | | | | | |

MP ခုံအမှတ်များ (၆)ဦး

| စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | MP–5 | ၂ | MP–6 | ၃ | MP–11 | ၄ | MP–12 | ၅ | MP–13 |
| ၆ | MP–14 | | | | | | | | |

MC ခုံအမှတ်များ (၃)ဦး

| စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် |
|---|---|---|---|---|---|
| ၁ | MC–1 | ၂ | MC–3 | ၃ | MC–4 |

IT ခုံအမှတ်များ (၆)ဦး

| စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | IT–1 | ၂ | IT–2 | ၃ | IT–3 | ၄ | IT–7 | ၅ | IT–8 |
| ၆ | IT–9 | | | | | | | | |

Civil ခုံအမှတ်များ (၂)ဦး

| စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် | စဉ် | ခုံနံပါတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | Civil–1 | ၂ | Civil–2 | | | | | | |

၂။ လူတွေ့ဖြေဆိုမည့်သူများသည် ဖြေဆိုမည့်နေ့ရက်တွင် နံနက် (၀၉:၃၀) နာရီအရောက် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊၂၇လမ်း၊ ၇၇ x ၇၈လမ်းကြား၊ မန္တလေးမြို့သို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ အချိန်မီသတင်းပို့ရမည်ဖြစ်ပြီး ဆက်သွယ်ရန် ဖုန်းနံပါတ်မှာ ၀၂–၄၀၇၃၅၁၇ ဖြစ်ပါသည်–

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း / မိတ္တူ)။
( ခ ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ဒီပလိုမာ / ဘွဲ့လက်မှတ် (မူရင်း +မိတ္တူ)။
( ဂ ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဝန်ထမ်းသက်သေခံကတ်ပြား (သို့မဟုတ်) သက်ဆိုင်ရာ တာဝန်ခံအရာရှိထောက်ခံချက်။
(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်း)။

၃။ လူတွေ့ဖြေဆိုမည့်သူများသည် သတ်မှတ်ရက်များတွင် မပျက်မကွက် လာရောက် သတင်းပို့ / ဖြေဆိုကြရန်နှင့် ပျက်ကွက်ပါက ခန့်ထားရေးတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

**မလိုအပ်သောမီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၀၃ ဆူ | ၄၁၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀× ၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၉ ခန်း | ၄၀၆ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၁ တိုင် | ၁၉ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၇ တိုင် | ၆၃ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၅ ကျင်း | ၂၀၈၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၈ ကျင်း | ၁၆၂၈. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
